# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၁၂)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြဝတီမီဒီယာစင်တာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်

**နေပြည်တော် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းရှိ မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြန်မာ စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစောတို့က မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

❑ **နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်အတွက် ဖော်ထုတ်ရေးသားပြောဆိုနိုင်ခွင့်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ရုံသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သည့် ဗဟုသုတ အချက်အလက်များ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်အောင်ဆောင်ရွက်ပေးနိုင်**

## ကယ်လီဖိုးနီးယားရှိ ဒစ္စနေးလ်ဥယျာဉ် ပြန်လည်ဖွင့်လှစ်

*နိုင်ငံတကာသတင်း၊ စာ - ၁၃*



## ပြင်သစ်နိုင်ငံက ကိုဗစ်-၁၉ ကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးသွားမည်

*နိုင်ငံတကာရေးရာ၊ စာ - ၁၄*



မြန်မာ့အလင်း

# လူငယ်နှင့် ဂိမ်းပြဿနာ

၁၉၉၀ ပြည့်လွန်နှောင်းပိုင်းနှစ်များအတွင်း မွေးဖွားခဲ့သူတို့ကို ဂျန်ဇီ (Gen-z) များဟူ၍ ခေါ်ဆိုကြသည်။ အသက်အရွယ်အားဖြင့် ကိုးနှစ်မှ ၂၄ နှစ်ကြားရှိသူများဖြစ်ကြပြီး ဒီဂျစ်တယ်ခေတ်တွင် လူလားမြောက်လာသူများပီပီ နည်းပညာသစ်များနှင့် ရင်းနှီးကျွမ်းဝင်သူများလည်း ဖြစ်ကြသည်။ ယင်းအသက်အရွယ်သည် ဦးနှောက်နှင့် ကိုယ်ကာယတို့ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်သည့်အရွယ်၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် ခွန်အားဗလတို့ အားကောင်းမောင်းသန်သည့် အရွယ်လည်း ဖြစ်ကြပြန်သည်။

ပညာရှာသည့်အရွယ်ဖြစ်သည့် ဂျန်ဇီတို့မှာ နည်းပညာခေတ်၏ လူသားများဖြစ်သည့်အလျောက် နည်းပညာဆိုင်ရာပစ္စည်းကိရိယာတို့ကို ရင်းနှီးကျွမ်းဝင်လွယ်ကြသည်။ ဘေးထွက်ဆိုးကျိုးတစ်ရပ်အနေဖြင့်မူ ဂိမ်းကစားခြင်းကို စွဲလမ်းမှုဖြစ်သည်။ လူငယ်တိုင်းစွဲလမ်းနေခြင်းဖြစ်သည်ဟု မဆိုနိုင်သော်လည်း နေ့ရောညပါ စွဲစွဲလမ်းလမ်း ကစားနေကြသူအများအပြား ရှိနေခြင်းပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဂိမ်းကစားသူပေါင်း သန်း ၁၀၀၀ ကျော်ရှိရာ လူငယ်များ ဂိမ်းကစားခြင်းသည် ပုံမှန်အမူအကျင့် တစ်ခုကဲ့သို့ဖြစ်နေပြီး ဂိမ်းစွဲလမ်းမှုသည် ပြဿနာတစ်ရပ်၊ အန္တရာယ်တစ်ရပ်အဖြစ် ရှုမြင်ထားကြပြီဖြစ်သည်။ လူငယ်တစ်ယောက် ဂိမ်းစွဲလမ်းလာသည့်အခါ ၎င်း၏ ပြင်ပပေါင်းသင်းဆက်ဆံရေးတွင်ရော မိသားစုအတွင်း ဆက်ဆံရေးတို့တွင်ပါ ပြဿနာများရှိလာပြီး လူငယ်တစ်ယောက် လုပ်ရမည့် လုပ်ငန်းဆောင်တာများပါ ပျက်ကွက်လာသည်။ ပညာသင်ယူမှုကို စိတ်ပါဝင်စားမှုမရှိတော့ဘဲ ဖြစ်လာသည်။

ဂိမ်းစွဲလမ်းသည့်အခါ ဂိမ်းကစားသည့် အချိန်အတိုင်းအတာ တဖြည်းဖြည်းပိုမိုများလာသည်။ တစ်ခုခုလုပ်နေချိန်၊ စားသောက်နေချိန်မျိုးမှာပင် ဂိမ်းအကြောင်းက စိတ်ထဲမှာဝင်ရောက်လွှမ်းမိုးနေသည်။ လက်တွေ့ဘဝပြဿနာများကို မဖြေရှင်းတော့ဘဲ ရှောင်လွှဲကာ ဂိမ်းကစားခြင်းဖြင့် အစားထိုးလာသည်။ တစ်ဖက်တွင်လည်း မိမိဂိမ်းစွဲလမ်းနေမှုကို အခြားသူများမသိအောင် ဖုံးကွယ်လာပြီး ဂိမ်းကစားမှုမပြုဘဲ မနေနိုင်အောင်ဖြစ်လာတတ်သည်။ တစ်ဖက်တွင်လည်း ဂိမ်းကစားနည်းများ၏ လွှမ်းမိုးမှုကြောင့် ရန်လိုကြမ်းတမ်းတတ်လာသလို အပြုအမူပြောင်းလဲလာတတ်သည်။ ဂိမ်းစွဲသူတစ်ဦးအဖို့ ကျောင်းချိန်ပြင်ပတွင် ဂိမ်းကစားခြင်းဖြင့် အချိန်ကုန်ဆုံးတတ်ကြပြီး အာရုံကြောများ လေးလံထိုင်းမှိုင်းကာ စာသင်ချိန်တွင် အိပ်ပျော်နေတတ်ကြသည်။ ကျောင်းသင်ခန်းစာများကို မလိုက်နိုင်တော့ဘဲ သင်ခန်းစာအလိုက် ရမှတ်များ၊ အဆင့်များ ကျဆင်းလာတတ်သည်။ လူအများနှင့် ပေါင်းသင်းဆက်ဆံမည့်အစား ဂိမ်းကစားခြင်းကိုသာ ပြုလုပ်ကြသည်။

ဂိမ်းစွဲလမ်းသည့်အခါ အအိပ်အစားတို့ မမှန်တော့ဘဲ အာရုံကြော၊ မျက်စိဆိုင်ရာ ပြဿနာများ၊ ခါးနာ၊ ဇက်ကြောနာ၊ ခေါင်းကိုက်ခြင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာသကဲ့သို့ အပေါင်းအသင်းမိတ်ဆွေများနှင့် ကင်းကွာပြီး လူမှုရေးဆိုင်ရာ ပြဿနာများလည်း ဖြစ်ပေါ်လာနိုင်သည်။ ဂိမ်းစွဲလမ်းမှု အလွန်အကျွံဖြစ်ခြင်းကြောင့် အကြောတက်သည့်ရောဂါဖြစ်သူ၊ သေဆုံးသူများပင် ရှိခဲ့သည်။ ဂိမ်းစွဲလမ်းခြင်းကြောင့် လူတစ်ဦး၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်စသည်ဖြင့် နိစ္စဓူဝ လူမှုဘဝများကို ထိခိုက်နိုင်ခြင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဂိမ်းစွဲလမ်းခြင်းကို ရောဂါစာရင်းသို့ ထည့်သွင်းထားခဲ့ပြီးဖြစ်သည်။ အင်တာနက်ခေတ်၊ ဒီဂျစ်တယ်ခေတ်တွင် မိုဘိုင်းဖုန်းများ လူတိုင်းလက်ထဲသို့ ရောက်ရှိနေပြီး ဒေသအနှံ့အပြားမှ ဂိမ်းသမားများနှင့် ချိတ်ဆက်၍ ဆော့ကစားနိုင်သည်အထိ တိုးတက်နေပြီဖြစ်ရာ ဂိမ်းစွဲနိုင်သည့် အခြေအနေမှာလည်း မြင့်မားလျက်ရှိနေပြီဖြစ်သည်။

ဂိမ်းကစားသူတိုင်းကို ဂိမ်းစွဲလမ်းသူများအဖြစ် သတ်မှတ်၍ မရဘဲ အစားပျက်၊ အအိပ်ပျက် ရက်ရှည်ကစားသူ၊ မကစားရမနေနိုင်သူများကိုသာ ဂိမ်းစွဲသူအဖြစ်သတ်မှတ်နိုင်သည်။ မိမိတို့၏ ပညာသင်ကြားမှု၊ ပေါင်းသင်းဆက်ဆံမှု၊ နေ့စဉ်လှုပ်ရှားမှုနှင့် ဘဝတိုးတက်မှုတို့အတွက် ပြုလုပ်ရမည့် လုပ်ငန်းဆောင်တာများကို မထိခိုက်စေဘဲ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာရေးတို့ကို မထိခိုက်စေဘဲ ဂိမ်းကစားခြင်းကမူ ဖျော်ဖြေမှုတစ်ခုအနေဖြင့်လည်းကောင်း၊ ဉာဏ်ကစားမှုအနေဖြင့်လည်းကောင်း အတိုင်းအတာတစ်ရပ်အထိ အကျိုးရှိနိုင်သည်ဟုဆိုရာ ဂိမ်းအလွန်အကျွံကစားခြင်းဖြင့် လူငယ်တို့၏ အနာဂတ်ဘဝများ မထိခိုက်စေရေးအတွက် လူငယ်များကိုယ်တိုင်နှင့်တကွ မိဘ၊ ဆရာသမားတို့ကပါ ထိန်းသိမ်း တည့်မတ်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပညာရေးဝန်ကြီးဌာန

၂၀၂၁ -၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

"၂၀၂၁ -၂၀၂၂ ပညာသင်နှစ် "

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကိုသူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကိုပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## နေ့အပူချိန်များ

နေပြည်တော် မေ ၂

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး နေပြည်တော်၊ ရေဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် ကလေးဝမြို့၊ မိတ္ထီလာမြို့၊ အမ်းမြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟားခါးမြို့တွင် ၁ ဒသမ ၆၆ လက်မ၊ ဟသ်ာတမြို့တွင် ၁ ဒသမ ၃၃ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မြင်းမူမြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၆၃ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# “ မိခင်နှင့် ရင်သွေးငယ်များ ကျန်းမာရေးအတွက် ၂၄ နာရီကာလပတ်လုံး အထူးဂရုပြုစောင့်ရှောက်ပေးသွားမည်ဖြစ်သည့်အပြင် ရင်သွေးမရနိုင်သောမိဘများအတွက် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံကြီးမှ သားဖွားမီးယပ်ပါရဂူများ၊ သူနာပြုကျွမ်းကျင်များနှင့် သန္ဓေသားပညာရှင်များက ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်”




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားများတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

*✻ ရွှေဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ ဌာနအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

**ကူညီဖြေရှင်းပေးနိုင်မည်**

မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် မိမိနိုင်ငံအတွင်း နိုင်ငံသူနိုင်ငံသားများအားကိုးအားထားပြုရသည့် နိုင်ငံတကာအဆင့်မီ နိုင်ငံတကာအသိအမှတ်ပြု မိခင်နှင့် ကလေးဆေးရုံကြီးအဖြစ် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍအား အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဆေးရုံတွင် မိခင်နှင့် ကလေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ဖန်ပြွန်သန္ဓေသားပြုလုပ်ခြင်း၊ မျိုးရိုးဗီဇများ သိမ်းဆည်းခြင်း၊ မျိုးရိုးလိုက် ရောဂါရှာဖွေစစ်ဆေးခြင်း၊ တစ်သက်တာ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအတွင်း ကြည့်ရှုစဉ်။ သတင်းစဉ်

သော ကလေးငယ်များအား ပြုစုကုသခြင်း၊ ကလေးအာဟာရဆွေးနွေးကုသခြင်း၊ မွေးကင်းစကလေးငယ်များအား အထူးကြပ်မတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာရောက်ကုသမှုခံယူသည့် မိဘပြည်သူများအတွက် စာတွေ့လက်တွေ့ကျွမ်းကျင်မှုရှိပြီး အတွေ့အကြုံပြည့်ဝသည့် သူနာပြုနှင့် ပါရဂူဆရာဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များက နောက်ဆုံးပေါ် ခေတ်မီစက်ကိရိယာများဖြင့် **မိခင်နှင့် ရင်သွေးငယ်များ ကျန်းမာရေးအတွက် ၂၄ နာရီကာလပတ်လုံး အထူးဂရုပြုစောင့်ရှောက်ပေးသွားမည်ဖြစ်သည့်အပြင် ရင်သွေးမရနိုင်သောမိဘများအတွက် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံကြီးမှ သားဖွားမီးယပ်ပါရဂူများ၊ သူနာပြုကျွမ်းကျင်များနှင့် သန္ဓေသားပညာရှင်များက ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်**ကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သောလေကိုခံစားရရှိနိုင်သည့် Mini Garden လေးခု၊ ကလေးငယ်များအတွက် Out Door နှင့် In Door ကလေးကစားကွင်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ရေဆိုးများ စနစ်တကျ စွန့်ပစ်ရန်အတွက် (Hospital Waste Treatment) စနစ်တို့ကို ထည့်သွင်းတည်ဆောက်ထားသည့်အပြင် အထွေထွေဝန်ဆောင်မှုများဖြစ်သည့် ATM ငွေထုတ်စက်၊ Convenience Store ၊ Food Court၊ Cafe Teria၊ ဆိုင်ခန်းများလည်း ပါရှိသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ မြဝတီမီဒီယာစင်တာဖွင့်ပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဌေး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောတို့က မြဝတီမီဒီယာစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြဝတီမီဒီယာစင်တာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲ**

ယင်းနောက် Mini Theatre အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာတို့ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုပေါ်ထွန်းလာခဲ့သည့် မိုးကောင်းရတနာမိခင်နှင့် ကလေးဆေးရုံကြီး အောင်မြင်စွာ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာမှအတွေ့အကြုံရှိသည့် ကျွမ်းကျင်ပညာရှင်ကြီးများ၊ အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်အခါခါ တိုင်ပင်ညှိနှိုင်းဆွေးနွေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးအချက်အလက်များအရ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအနက် ပဋ္ဌမမြောက်လူဦးရေ အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ကျန်းမာရေးအသုံးစရိတ်(Healthcare Expenditure) များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိကြောင်း၊ **မြန်မာနိုင်ငံမှ ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ ဆေးကုသမှု၊ ကျန်းမာရေးစစ်ဆေးမှုများအတွက် COVID-19 မဖြစ်ပွားမီ ယခင်နှစ်များက သွားရောက်ကုသသူ လူဦးရေ နေ့စဉ် ၅၀၀ ခန့်ရှိ**ကြောင်း၊ *စာမျက်နှာ ၄ သို့*




**မိမိတို့ပြည်သူလူထုများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသခံယူမှု ဈေးကွက်ကို အစားထိုးနိုင်ရန်ဖြစ်ပြီး ဘာသာစကားကန့်သတ်ချက်ကို ကျော်လွှားနိုင်ရန်၊ ဆရာဝန်များနှင့် အရေးပေါ်ချိတ်ဆက်ဆွေးနွေးဆောင်ရွက်မှု အခက်အခဲများ မရှိစေရန်၊ ဒေသတွင်းပြည်သူလူထုများအတွက် နိုင်ငံတကာအဆင့်မီ ဆေးကုသမှု ခံစားရရှိနိုင်စေရန်၊ မိသားစုနှင့်အတူ အိုးမကွာအိမ်မကွာ နွေးထွေးသည့် ကုသခံစားမှုမျိုး ရရှိနိုင်စေရန်၊ ဆေးရုံနှင့်လူနာ မမျှတမှုကို ဖြည့်ဆည်းပေးနိုင်စေရန်နှင့် အဆင့်မြင့်ရောဂါ ရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာနှင့် နည်းပညာအဆင့်မြင့်မားသည့် ကုသမှုများကို ပြည်သူလူထုအများရရှိနိုင်စေရန် ရည်ရွယ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်

စာမျက်နှာ ၃ မှ

**ထိုသို့ပြည်ပသို့ သွားရောက်ဆေးကုသသူ ဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ပြည်ပသို့ သွားရောက်ဆေးကုသသူ လူဦးရေစုစုပေါင်း ၂၁၇၉၅၁ ဦးရှိကြောင်း၊ ပြည်ပသို့ ဆေးကုသမှုအတွက် သွားရောက်မှုအများဆုံးနိုင်ငံမှာ ထိုင်းနိုင်ငံ ၅၆ ရာခိုင်နှုန်း၊ ဒုတိယ အများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံ ၁၉ ရာခိုင်နှုန်းနှင့် တတိယအများဆုံး နိုင်ငံမှာ စင်ကာပူနိုင်ငံ ၁၁ ရာခိုင်နှုန်းရှိသည်ကို** လေ့လာသိရှိရကြောင်း။

**တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု**

ကျန်းမာရေးဝန်ဆောင်မှု အချက်အလက်များ အရ မြန်မာနိုင်ငံတွင် ဆေးရုံပေါင်း ၁၃၀၁ ရုံရှိပြီး အများပိုင် (Public Hospital) ၁၁၁၅ ရုံ၊ ပုဂ္ဂလိကပိုင် (Private Hospital) ၁၈၇ ရုံရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆေးရုံခုတင်ပေါင်း ၆၁၃၉၅ ခုတင်ရှိပြီး အများပိုင်(Public) ၅၅၈၉၅ ခုတင်နှင့် ပုဂ္ဂလိကပိုင် (Private) ၅၅၀၀ ခုတင် ဖြစ်ကြောင်း၊ စစ်တမ်းများအရ ၇၂ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိက ဆေးရုံဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသည်ကို လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကျန်းမာရေး ကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ပေးနိုင်ရန် မိုးကောင်းရတနာမိခင်နှင့် ကလေးဆေးရုံ အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုးကောင်းရတနာမိခင်နှင့် ကလေးဆေးရုံ၏ မျှော်မှန်း (Vision) အနေဖြင့် **"ကျွမ်းကျင်ပညာရှင်များမှ လူနာများကို ၂၄ နာရီပတ်လုံး နိုင်ငံတကာအဆင့်မီ မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများကို စိတ်ချလုံခြုံစွာအဆင့်မြင့်ဆုံး ပေးနိုင်မည့် မိခင်နှင့်ကလေး ဆေးရုံကြီးအဖြစ် စဉ်ဆက်မပြတ် အောင်မြင်စေရန်"** ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ လွှဲပြောင်းလူနာများ၊ ကုသမှုလိုအပ်သည့် ကလေးငယ်များကို သင့်လျော်သည့် ဝန်ဆောင်မှုနှုန်းထားဖြင့် "Tertiary Care" အဆင့်မြင့်ကုသမှုပေးနိုင်ရန် ဖြစ်သကဲ့သို့ မိခင်နှင့် ကလေးရောဂါများကို အထူးကုသရာတွင် (One Stop Service Center) အဖြစ် တစ်နေရာတည်းတွင်ပြည့်စုံလုံလောက်သည့် ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရန်ဖြစ်ကြောင်း။

**တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်**

ထို့အပြင် **မိမိတို့ ပြည်သူလူထုများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသခံယူမှု ဈေးကွက်ကို အစားထိုးနိုင်ရန်ဖြစ်ပြီး ဘာသာစကားကန့်သတ်ချက်ကို ကျော်လွှားနိုင်ရန်၊ ဆရာဝန်များနှင့် အရေးပေါ်ချိတ်ဆက်ဆွေးနွေးဆောင်ရွက်မှု အခက်အခဲများမရှိစေရန်၊ ဒေသတွင်းပြည်သူလူထုများအတွက် နိုင်ငံတကာအဆင့်မီ ဆေးကုသမှု ခံစားရရှိနိုင်စေရန်၊ မိသားစုနှင့်အတူ အိုးမကွာအိမ်မကွာ နွေးထွေးသည့် ကုသခံစားမှုမျိုးရရှိနိုင်စေရန်၊ ဆေးရုံနှင့်လူနာ မမျှတမှုကို ဖြည့်ဆည်းပေးနိုင်စေရန်နှင့် အဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာနှင့် နည်းပညာအဆင့်မြင့်မားသည့် ကုသမှုများကို ပြည်သူလူထုအများရရှိနိုင်စေရန် ရည်ရွယ်ပြီး** နိုင်ငံတကာအဆင့်မီ မိုးကောင်းရတနာ မိခင်နှင့်ကလေး ဆေးရုံကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း။

**အကြိမ်ကြိမ်လာရောက်စစ်ဆေးခဲ့**

စက်ပစ္စည်းများကိုလည်း Brand ကောင်းသည့် စက်ပစ္စည်းကိရိယာများနှင့် အနည်းဆုံး ၁၀ နှစ်ခန့် အထိ ခေတ်မီနေနိုင်မည့် Technology မြင့်သည့် စက်ပစ္စည်းကြီးများကို တပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် လူနာများ အတွက် ဘေးကင်းလုံခြုံစိတ်ချရမှု (Patient Safety) ပိုင်းနှင့် အရည်အသွေးကောင်းမွန်မှု (Hospital Quality) ပိုင်းများတွင် ယုံကြည်စိတ်ချရသည့် နိုင်ငံတကာအသိအမှတ်ပြု ဆေးရုံတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် International Patient Safety Goals (IPS Goals) (၆)ချက်ကို အခြေခံကာ ကမ္ဘာ့အသိအမှတ်ပြုဆေးရုံလက်မှတ် Joint Commission International (JCI) လက်မှတ်ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဆေးရုံစတင်အကောင်အထည်ဖော်ချိန်မှစ၍ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ တပ်ဆင်ဆောင်ရွက်စဉ်ကာလတွင်လည်း အကြိမ်ကြိမ်လာရောက်စစ်ဆေးခဲ့ပြီး မှာကြားမှုများ ပေးခဲ့ကြောင်း။

**စဉ်းစား၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်**

ဆက်လက်ပြီး မြဝတီမီဒီယာစင်တာနှင့် ပတ်သက်၍ **သတင်း၊ စာပေ၊ ရုပ်ရှင်၊ သီချင်း၊ ဂီတ၊ ရုပ်မြင်သံကြားများ၊ အကျိုးဝင်သည့် မီဒီယာလုပ်ငန်းများသည် နိုင်ငံတစ်ခုအတွက် အမျိုးသားယဉ်ကျေးမှုနှင့်အမျိုးသားအကျိုးစီးပွားအတွက် များစွာအထောက်အကူပြုစေနိုင်သည့် အင်အားစုကြီးတစ်ခုဖြစ်ပါ**ကြောင်း၊ အဆင့်မြင့်နည်းပညာများ လိုအပ်လာသည့် အချိန်တွင် မိမိတို့နိုင်ငံ၌ အပြည့်အဝမလုပ်ဆောင်နိုင်ဘဲ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြရသည်ကို မိမိအနေဖြင့် အားမလိုအားမရဖြစ်ခဲ့ရသည့် အတွက် တတ်နိုင်သည့်အချိန်တွင် လုပ်ဆောင်မည်ဟု စဉ်းစား၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

**ခေတ်မီမီဒီယာနည်းပညာများ သင်ယူလေ့လာနိုင်**

မြန်မာနိုင်ငံ၏ မီဒီယာလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နိုင်တော့မည့် နိုင်ငံတကာအဆင့်မီ မြဝတီမီဒီယာစင်တာနှင့်ပတ်သက်၍ မီဒီယာနှင့်ပတ်သက်သည့် ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် စာနယ်ဇင်းလုပ်ငန်းများကို တစ်နေရာတည်းတွင် နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ မီဒီယာအဆင့်အတန်းမြင့်မားလာစေရန်အတွက် ရည်ရွယ်တည်ဆောက်ထားရှိခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုယုံကြည်အားထားရမည့် အဓိကမီဒီယာလုပ်ငန်းကြီး တစ်ခု ဖန်တီးတည်ဆောက်နိုင်စေရန်၊ နိုင်ငံတော်၏ မီဒီယာကျင့်ဝတ်များနှင့်အညီ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရန်၊ သတင်းနှင့် မီဒီယာအခန်းကဏ္ဍ နည်းပညာဆိုင်ရာများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာစံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ခေတ်မီမီဒီယာနည်းပညာများ သင်ယူလေ့လာနိုင်စေရန်တို့ပင် ဖြစ်ကြောင်း။

**အရေးကြီးသည့် အခန်းကဏ္ဍ**

**နိုင်ငံတစ်နိုင်ငံအတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်သုံးရပ်ဖြင့် တည်ဆောက်ထားပြီး ၎င်းမဏ္ဍိုင်ကြီး သုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းမှုကျင့်စဉ်နှင့် ရပ်တည်ခြင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရတစ်ရပ်ပင် ဖြစ်**ကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီး သုံးရပ်ကို စောင့်ကြည့်ထောက်ပြမှု ပြုလုပ်နိုင်သည့် အခြားမဏ္ဍိုင်ကြီးတစ်ခုမှာ မီဒီယာဆိုသည့် စတုတ္ထမဏ္ဍိုင်ပင်ဖြစ်ကြောင်း၊ ၂၁ ရာစု၏ သတင်းအချက်အလက်စီးဆင်းမှု မြန်ဆန်နှုန်းကြောင့် မီဒီယာကဏ္ဍအနေဖြင့် အရေးကြီးသည့် အခန်းကဏ္ဍကို ရောက်ရှိလာကြောင်း၊ မြဝတီမီဒီယာစင်တာတွင် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ပုဂ္ဂလိကမီဒီယာကုမ္ပဏီများသည် နိုင်ငံတော်အကျိုးပြုနိုင်ရေးအတွက် အဆင့်မြှင့်တင် ကွန်ရက်ပေါင်းစည်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်အတွက် ဖော်ထုတ်ရေးသားပြောဆိုနိုင်ခွင့်ကို တိုးမြှင့်ဆောင်ရွက်ရာတွင်**

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြဝတီမီဒီယာစင်တာအတွင်း ကြည့်ရှုစဉ်။ သတင်းစဉ်

**" မီဒီယာဆက်ဆံရေးသည် လူသိများစေရန် ဆောင်ရွက်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး မိမိအနေဖြင့် ပြောရမည်ဆိုပါက မီဒီယာလုပ်ငန်းသည် အတွေးအခေါ်ကောင်းရမည်၊ စက်မှုပိုင်းဆိုင်ရာ ကောင်းရမည်၊ နည်းပညာပိုင်းဆိုင်ရာ ကောင်းရမည်၊ သရုပ်ဆောင်မှုအပိုင်းတွင် အရုပ်နှင့် အသံပိုင်းဆိုင်ရာကောင်းရမည်၊ သံစဉ်များ ဟာမိုနီဖြစ်ရမည်၊ ပရိသတ်ကို သုတ၊ ရသပေးနိုင်ရမည်ဖြစ်ပြီး စိတ်ဓာတ်ခွန်အားရစေရမည်ဖြစ်ကြောင်းနှင့် ကြည့်ရှုသူတို့၏ ရင်ထဲတွင် စွဲထင်ကျန်နေရမည်ဖြစ်"**

*စာမျက်နှာ ၄ မှ*

**အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ရုံသာမက ပြည်သူ တစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သည့် ဗဟုသုတ အချက်အလက်များ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်**ကြောင်း၊ Media များ၏ အရည်အသွေး၊ နိုင်ငံ၏သမိုင်းကြောင်းပေါ်တွင် နားလည်နိုင်မှုနှင့် နိုင်ငံကိုမြန်မာတို့၏ ထုံးတမ်းစဉ်လာနှင့် မသွေဖည်ဘဲ တိုးတက်ကြီးပွားစေလိုမှု ရှိစေလိုကြောင်း၊ မိမိအနေဖြင့် ပြောရမည်ဆိုပါက ရှေးရိုးစွဲရန်မဟုတ်ဘဲ ခေတ်မီသည့်အတွေးအခေါ်များကို အားပေးရန်ဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များဖြင့် ပြည်သူများကို စိတ်ဓာတ်ခွန်အား၊ အသိဉာဏ်ခွန်အားပေးနိုင်စေရန် လိုကြောင်း၊ သို့သော်အခြေအနေများသည် အခြေခံအကြောင်းတရားများအပေါ်တွင်သာ မူတည်နေကြောင်း၊ လက်ရှိကာလ ကမ္ဘာ့နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျသည့် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်အစရှိသည့် မဏ္ဍိုင်ကြီးသုံးရပ်အပြင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ စည်းကမ်းများ၊ သဘောသဘာဝများကို လိုက်နာဆောင်ရွက်သည့် မီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ထားရှိသည့်အတွက် ယနေ့ဖွင့်လှစ်လိုက်သည့် မြဝတီမီဒီယာစင်တာအနေဖြင့်လည်း နိုင်ငံတော်၏ မီဒီယာကဏ္ဍာ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်အောင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် အဓိက ခံယူထားကြောင်း။

**မီဒီယာမှတစ်ဆင့် ဆောင်ရွက်နိုင်**

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာ IT ခေတ်တွင် သတင်းရရှိ ပေးပို့မှုများ အင်မတန်လျင်မြန်လာသကဲ့သို့ သတင်းဖော်ပြမှုနှင့် အထောက်အကူပစ္စည်းများ၊ နည်းပညာများသည်လည်း တစ်ရက်နှင့်တစ်ရက် မတူအောင် တိုးတက်ပြောင်းလဲနေကြောင်း၊ ပြိုင်ဆိုင်မှုများပြီး လျင်မြန်လွန်းသည့် မီဒီယာခေတ်တွင် မှန်ကန်တိကျသည့် သတင်းဖော်ပြမှုသည် အရေးပါပြီး မှားယွင်းဖော်ပြမိသည်နှင့်အမျှ တရားစွဲဆိုခံရမှုများ ဖြစ်လာနိုင်သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာပညာများသည်လည်း လေ့လာသင်ယူစရာများစွာရှိနေကြောင်း၊ မီဒီယာနှင့်ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ မိမိအဖွဲ့အစည်းလုပ်ငန်းများကို လူသိများစေရန် ဆောင်ရွက်သည့်အခါတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများတွင် အများပြည်သူနှင့်ဆက်ဆံရေး၊ မိမိအသိုက်အဝန်းနှင့်ဆက်ဆံရေး၊ မိမိကို ထောက်ပံ့သူများနှင့် ဆက်ဆံရေးဟူ၍ ဆက်ဆံရေးအမျိုးမျိုး ပါဝင်လျက်ရှိကြောင်း၊ မိမိသိစေချင်သည့် အကြောင်းအရာတစ်ရပ်ကို လူအများသိရှိလာစေရန် မီဒီယာမှတစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် **မီဒီယာဆက်ဆံရေးသည် လူသိများစေရန် ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး မိမိအနေဖြင့် ပြောရမည်ဆိုပါက မီဒီယာလုပ်ငန်းသည် အတွေးအခေါ်ကောင်းရမည်၊ စက်မှုပိုင်းဆိုင်ရာ ကောင်းရမည်၊ နည်းပညာပိုင်းဆိုင်ရာ ကောင်းရမည်၊ သရုပ်ဆောင်မှုအပိုင်းတွင် အရုပ်နှင့် အသံပိုင်းဆိုင်ရာကောင်းရမည်၊ သံစဉ်များ ဟာမိုနီဖြစ်ရမည်၊ ပရိသတ်ကို သုတ၊ ရသပေးနိုင်ရမည်ဖြစ်ပြီး စိတ်ဓာတ်ခွန်အားရစေရမည်ဖြစ်ကြောင်းနှင့် ကြည့်ရှုသူတို့၏ ရင်ထဲတွင် စွဲထင်ကျန်နေရမည်ဖြစ်**ကြောင်း။

**နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်**

မြဝတီမီဒီယာစင်တာအနေဖြင့် နယ်ပယ်စုံမှ အနုပညာသမားများနှင့် မီဒီယာလုပ်ငန်းလုပ်ကိုင်သူများကို အချက်အချာကျသည့် တစ်နေရာတည်းတွင် အဆင့်မြင့်နည်းပညာသုံး ရိုက်ကူးရေးနှင့် အသံဖမ်းစတူဒီယိုများ ထည့်သွင်းငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ရိုက်ကူး၊ ထုတ်လွှင့်တင်ဆက်မှုများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန်နှင့် ရုံးခန်းများကိုလည်း သင့်တင့်သည့်နှုန်းထားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖွင့်လှစ်ခြင်းအားဖြင့် အဆင့်အတန်းရှိသည့် မီဒီယာလုပ်ငန်းတင်ဆက်မှုများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အချုပ်အားဖြင့် မိခင်နှင့် ကလေးဆေးရုံအနေဖြင့် အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီအတွင်းလူနာခန်းများ၊ HDU၊ ICU၊ Day Care၊ Emergency ကဲ့သို့ အခန်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး ကျန်းမာရေးစစ်ဆေးခြင်း အစီအစဉ်များအနေဖြင့် အထွေထွေကျန်းမာရေးစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် မိခင်နှင့် ကလေးကုသခြင်းများ၊ မွေးဖွားမှုဆိုင်ရာ Package များ၊ Member Card အစီအစဉ်များကိုလည်း စိတ်ကြိုက်ရွေးချယ် အားကိုးအားထားပြု ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ ယခု ဆေးရုံဖွင့်လှစ်ခြင်းကြောင့် မိခင်နှင့် ကလေးများနှင့် မြန်မာနိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။

**စုပေါင်းကြိုးစားဆောင်ရွက်**

သတင်းမီဒီယာလုပ်ငန်းအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံ**များက ၎င်းတို့၏ အကျိုးစီးပွားအတွက် ခေတ်မီဘက်စုံမီဒီယာများကို တွင်တွင်ကျယ်ကျယ်အသုံးပြုပြီး ၎င်းတို့လိုလားသည့် အယူအဆ၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို သွတ်သွင်းခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံမှ ထိုးနှက်မှုများကို ခိုင်ခိုင်မာမာကာကွယ်နိုင်ရန် လိုအပ်ကြောင်း၊** မြဝတီမီဒီယာစင်တာ၏ အထောက်အကူပြုဆောင်ရွက်မှုကြောင့် မီဒီယာလုပ်ငန်းရှင်များ၊ မီဒီယာဝါသနာရှင်များ၊ အနုပညာရှင်များ အားလုံးစုစည်းခိုင်မာပြီး ညီညီညွတ်ညွတ်နှင့် စုပေါင်းကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများကို Video Clip များနှင့်တကွ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြဝတီမီဒီယာစင်တာအတွင်းရှိ ရုပ်သံမီဒီယာလုပ်ငန်းများ၊ အသံလွှင့်မီဒီယာလုပ်ငန်းအစီအစဉ်၊ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်၊ ရုပ်သံဇာတ်လမ်းများ ထုတ်လွှင့်တင်ဆက်မှုအစီအစဉ်၊ နိုင်ငံတကာနှင့် ပြည်တွင်းသတင်းတင်ဆက်မှုအစီအစဉ်၊ "ပြောင်းလဲလာသော မြန်မာ့ရုပ်ရှင်များအကြောင်း" နှင့် ပတ်သက်၍ အနုပညာရှင်များ၏ ဆွေးနွေးမှုအစီအစဉ်၊ မြန်မာ့ဂီတသံစဉ်တူရိယာများ တီးမှုတ်အသံသွင်းခြင်းအစီအစဉ် သရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြသည်။

မြဝတီမီဒီယာစင်တာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အတိုင်း ပြည်သူလူထုယုံကြည်အားထားရသည့် အဓိကမီဒီယာလုပ်ငန်းကြီးအဖြစ် မီဒီယာဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးနှင့် မီဒီယာအခန်းကဏ္ဍအား နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၉ ခုနှစ် မေလတွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**ထည့်သွင်းတည်ဆောက်ထား**

မြဝတီမီဒီယာစင်တာသည် ခုနစ်ထပ် အဆောက်အအုံဖြစ်ပြီး ပထမထပ်နှင့် ဒုတိယထပ်၌ 4K အရည်အသွေးဖြင့် 3D ပြသနိုင်သည့် လူ ၂၀၀ ဆံ့ရုပ်ရှင်ရုံ၊ ကြီးမားသော LED Projector ပါဝင်သည့် လူ ၃၀၀ ဆံ့ ကဇာတ်ရုံ ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများ၊ Game Show များ၊ Model Show ပြိုင်ပွဲများပြုလုပ်နိုင်ပြီး စတိတ်စင်၏ နောက်ခံဒီဇိုင်းများ လိုအပ်သလိုပြောင်းလဲအသုံးပြုနိုင်သည့် TV Studio (၂)ခန်း၊ Talk Show Studio ၊ Radio Studio ၊ Mini Studio ၊ Sound Studio ၊ News Studio ၊ Music Studio ခန်းများ၊ စာကြည့်တိုက်နှင့် မြဝတီမီဒီယာသင်တန်းခန်းမများပါဝင်ပြီး တတိယထပ်၊ စတုတ္ထနှင့် ပဥ္စမထပ်တို့၌ စီးပွားရေးဆိုင်ရာရုံးခန်းများ၊ ဆဋ္ဌမထပ်၌ လူ ၁၂၀ ဆံ့ Ball Room၊ လူ ၈၈ ဦးဆံ့ Function Hall၊ လူ ၃၀ ဆံ့ Meeting Room များ ထည့်သွင်းတည်ဆောက်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❑ သတင်း၊ စာပေ၊ ရုပ်ရှင်၊ သီချင်း၊ ဂီတ၊ ရုပ်မြင်သံကြားများ၊ အကျုံးဝင်သည့် မီဒီယာလုပ်ငန်းများသည် နိုင်ငံတစ်ခုအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားအကျိုး စီးပွားအတွက် များစွာအထောက်အကူပြုစေနိုင်သည့် အင်အားစုကြီးတစ်ခုဖြစ်**

# မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနား ပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီညီစောတို့ မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီညီစောတို့ မြဝတီမီဒီယာစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



မြဝတီမီဒီယာစင်တာအဆောက်အအုံကို တွေ့ရစဉ်။




မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအတွင်း မိခင်နှင့် ကလေးငယ်များအတွက် ဝန်ဆောင်မှု ပေးနေသည်ကို တွေ့ရစဉ်။





မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအတွင်း ခေတ်မီစက်ပစ္စည်းကိရိယာများကို တွေ့ရစဉ်။

# ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေး

လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှ ရှိနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဒေသခံတောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စားရေရိက္ခာ ပေါများရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ မိမိတို့လက်အောက်ကိုလည်း လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများကိုတွေ့ဆုံ

နေပြည်တော် မေ ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့တွင် သာဝတ္ထိနယ်မြေ၊ သာဂရနယ်မြေနှင့်တောင်ငူနယ်မြေရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ ဇနီးများနှင့် မိသားစုများကို သွားရောက်တွေ့ဆုံသည်။** (ယာပုံ)



ပြည်ထောင်စု ဝန်ကြီးက သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ခန်းမများတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ဇနီးများကို တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖြစ်ပေါ်လာရသည့် အခြေအနေအသေးစိတ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့် ယခင်အစိုးရ၏ မဲမသမာမှုဖြစ်စဉ်ဖြစ်ရပ်များအရ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းများ စစ်ဆေးဆောင်ရွက်နေမှုနှင့် တွေ့ရှိရမှုများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ယနေ့ကာလအထိ တပ်မတော်မှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းထားရှိစဉ်အတွင်း နိုင်ငံအတွင်းဆန္ဒပြမှုဖြစ်စဉ်များဖြစ်ပွားခဲ့ရာ အေးချမ်းစွာဆန္ဒပြမှုများမှတစ်ဆင့် ဆူပူဆန္ဒပြခြင်း၊ ၎င်းမှ အကြမ်းဖက်ဖြစ်စဉ်များသို့ အသွင်ပြောင်းလာကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံရမှု၊ ဒဏ်ရာရရှိမှုများ၊ ဆူပူအကြမ်းဖက် ဖြစ်စဉ်များမှ အဖျက်အမှောင့် လုပ်ငန်းမျိုးစုံဆောင်ရွက်လာနေမှု၊ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရေးအတွက် လက်နက်စွဲကိုင် ပုန်ကန်လာမှု၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လိုက်နာရမည့် စည်းကမ်းများ၊ ဝန်ထမ်းကျင့်ဝတ်များ၊ ဆောင်ရန်/ရှောင်ရန်ကိစ္စရပ်များ၊ စည်းကမ်းကောင်းမွန်စွာဖြင့် ပေးအပ်သောတာဝန်ဝတ္တရားများကို ပျော်ရွှင်ချမ်းမြေ့စွာ တာဝန်ကျေပွန်စွာဆောင်ရွက်ရေး၊ မိမိတို့တပ်ရင်းတပ်ဖွဲ့ဂုဏ်သိက္ခာ မကျဆင်းစေရေး တစ်ဦးချင်းတာဝန်ရှိပြီး အထက်အရာရှိများ အနေဖြင့် တပ်ဖွဲ့အတွင်း မျှတစွာကွပ်ကဲအုပ်ချုပ်၍ အချင်းချင်း "စည်းကမ်းရှိရှိ ပျော်ပျော်ရွှင်ရွှင်နေ၊ သစ္စာရှိရှိ ရဲရဲဝံ့ဝံ့လုပ်" ဆောင်ပုဒ်နှင့်အညီ လိုက်နာနေထိုင်ရေး၊ တပ်ဖွဲ့တွင်း မိသားစုများ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်၍ ပြင်ပမှ သွေးခွဲမှု၊ ကောလာဟလဝါဒဖြန့်ချိမှုများကို ဂရုပြုဆင်ခြင်သတိထားလိုက်နာဆောင်ရွက်ရေး၊ မိသားစုများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ပေးရေးတို့အတွက် အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် တပ်ဖွဲ့ဝင်များ၏မိသားစုများကို စားသုံးဆီ၊ ကြက်သွန်၊ ကြက်ဥ၊ ခေါက်ဆွဲနှင့် အာလူးစသည့် စားသောက်ကုန်များကို တပ်ဖွဲ့အသီးသီးတွင် ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိရာ နေရာအသီးသီးအလိုက် အိမ်ထောင်သည် လိုင်းများအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ မိသားစုများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ




ပဲခူး မေ ၂

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာ သီတာဦးသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရှေ့နေချုပ်က ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်ရှိ ဥပဒေချုပ်ရုံးများနှင့် ဥပဒေရုံးများ အရှိန်အဟုန်မပျက်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်နှင့် ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ၊ ရာထူးတိုး၊ နေရာပြောင်းရွှေ့၊ သင်တန်းဆိုင်ရာကိစ္စရပ်များ၊ အဆင့်ဆင့်သော ဥပဒေဝန်ထမ်းများ အရည်အသွေးမြင့်မားရေးဆိုင်ရာကိစ္စရပ်များ၊ စီဒီအမ်နှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်လွင်တို့က ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်များမှ ဥပဒေအရာရှိများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်  မေ ၂

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ ပုလော၊ မြိတ်၊ ကျွန်းစုမြို့နယ်များရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေးရန် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ဇေယျနှင့် တာဝန်ရှိသူများနှင့်အတူ ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကင်းပွန်းချောင်း - ပေါက်ပင်ကွင်း - မလွဲတောင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အတက်အဆင်းကြမ်းသည့် နေရာများ၌ ၁/၂ ဒသမ ၄ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ပေ ၃၀ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ပေ ၁၂၀ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ၁၀ ပေ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ရာဖူး–စိန်ဘုံလမ်း ၅/၁ မိုင် ပေါ်တွင် ၁၂ ပေ တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တင်ဒါအောင်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာများက ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်ပုံစံအတိုင်း ဆောင်ရွက်ရေး၊ လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားသည်။



### ၇၅ ရာခိုင်နှုန်းခန့် ပြီးစီး

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျောက်လမ်းတစ်မိုင်၊ ကွန်ကရစ်လမ်း ၁/၂ ဒသမ ၄ မိုင်၊ အမာခံလမ်း၄/၀ မိုင်၊ ကွန်ကရစ်တံတား ပေ ၁၀၀ တံတားတစ်စင်း၊ ၁၀ ပေ တံတားတစ်စင်း၊ ပေ ၁၂၀ တံတားတစ်စင်း၊ ပေ ၃၀ တံတားတစ်စင်း၊ ၁၂ ပေ တံတားတစ်စင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၀၆၉ ဒသမ ၇၁၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ထားဝယ် – လောင်းလုံ – သရက်ချောင်းမြို့များသို့ သောက်သုံးရေ ဖြန့်ဝေနိုင်ရေးဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းအား သွားရောက်လေ့လာကြည့်ရှုရာ တိုင်းဒေသကြီး စည်ပင်သာယာရေးညွှန်ကြားရေးမှူးက လုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ ဝန်ထမ်းများနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ် စက်မှုလက်မှုသင်တန်းကျောင်း (ထားဝယ်) ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ထားရှိအပ်သည့် နိုင်ငံ့ဝန်ထမ်းဂုဏ်သိက္ခာဖြင့် နိုင်ငံတော်အပေါ်သစ္စာရှိရှိ တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် နည်းပြများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သင်ကြားပေးမှုအပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာကောင်းမွန်စေရေးအတွက် သင်ကြားပေးရန်လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့်လည်း ဘာသာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ် လေ့လာရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင် ပညာရပ်ပိုင်းပြည့်စုံမှသာ သင်တန်းသားများကို ထိရောက်စွာ သင်ကြားပြသနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းကျောင်းဝင်းအတွင်း **(ဝဲအောက်ပုံ)** နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်ခရိုင် ပုလောမြို့နယ် နန်းသီလာကျေးရွာအုပ်စုရှိ မဒေါလမ်းဆုံ–သပြုပြင် ကျေးရွာချင်းဆက်လမ်း ၅/၀ မိုင် အနက် အပြီးသတ် ကျောက်လမ်း ၃/၀ မိုင် ခင်းခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းလမ်း ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးအတွက် လိုအပ်သည့် Box Culvert များနှင့် တံတားများ ထပ်မံဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ မြိတ်မြို့မှကျွန်းစုမြို့သို့ ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော ကမ်းဇော်တောဆည်ရေတားတမံ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် အေးရိပ်ငြိမ် တစ်ဖက်ပိတ်ဆည် အဆင့်မြှင့်တင်ဆောင်ရွက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁ ရက် နံနက်ပိုင်းတွင် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု မော်တုံးကြီး–တောင်သုံးလုံး ကျေးရွာချင်းဆက်လမ်း ၁၁/၀ မိုင်အနက် မြေသားလမ်း ၄/၀ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် သံကူကွန်ကရစ်ပေ ၃၀ တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့သို့ ဆက်လက်ထွက်ခွာ၍ မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ ဝန်ထမ်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အိမ်တွင်းမှုသင်တန်းကျောင်းဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်

နေပြည်တော်  မေ ၂

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာရေး ကူညီအားပေးဆောင်ရွက်ရာ၌ ငွေကြေးအရင်းအနှီး၊ မျိုး၊ သွင်းအားစုနှင့် နည်းပညာများအပြင် တောင်သူများ အဓိကလိုအပ်သည့် ဈေးကွက်သေချာမှုရှိစေရေးကိုပါ ထည့်သွင်းစီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း မေ ၁ ရက် နံနက်ပိုင်းက မြိတ်မြို့ ပုလဲသန္တာခန်းမ၌ ကျင်းပပြုလုပ်သည့် တနင်္သာရီတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ GAP စနစ်ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိသည့် ကဏန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

### အထူးသတိပြုကြရမည်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် –၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံတော်၏စီးပွားရေး ပြန်လည် ဦးမော့လာစေရန်နှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အခြေခံကျသည့် လယ်ယာသားငါးထွက်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် တန်ဖိုးမြင့် ကုန်ချောများအဖြစ် တိုးတက် ထုတ်လုပ်နိုင်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်တို့ အနေဖြင့် သမားရိုးကျ လုပ်ရိုးလုပ်စဉ်ကဲ့သို့ သဘောမထားဘဲ မိမိဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိစေပြီး ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဒေသနေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးကို မျှော်မှန်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊တနင်္သာရီတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးအတွက် ကွဲပြားခြားနားသည့် စိုက်ပျိုးမှုပတ်ဝန်းကျင်အခြေအနေရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အေးချမ်းသာယာမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုရှိရန်လိုအပ်ကြောင်း၊ သို့မှသာ ဒေသနေပြည်သူများ၏ အလုပ်အကိုင်၊ဝင်ငွေ၊စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ကို အထူးသတိပြုကြရမည်ဖြစ်ပါကြောင်း။

တနင်္သာရီတိုင်း ဒေသကြီးအနေဖြင့် စားအုန်းဆီစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ ရော်ဘာ၊ ကိုကိုးနှင့် အခြားဥယျာဉ်ခြံသီးနှံ နှစ်ရှည်ပင်များ၊ ရာသီသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်သည့်အပြင် ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ငါး ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ရေထွက်ကုန်များ စုံလင်စွာဖြင့် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဝိသေသကောင်းများ ရှိနေပြီးဖြစ်ရာ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် ဟန်ချက်ညီ စနစ်တကျ အားပေးကူညီဆောင်ရွက်နိုင်ပါက ကာလတိုအတွင်း သိသာသောပြောင်းလဲတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့် တူမျှသည့် ရာသီဥတုအခြေအနေရှိနေမှုအရ ကြက်၊ ဝက်၊ ဆိတ်နှင့် နို့စားနွား တိုးချဲ့မွေးမြူရေး၊ ငါး ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် သုတေသနနှင့် ခေတ်မီနည်းစနစ်များကိုအသုံးချ၍ ပုဂ္ဂလိက အခန်းကဏ္ဍ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်လာစေရေးအတွက် ဆက်စပ်အားပေးရန် လိုအပ်ကြောင်း။

### သမဝါယမအသင်းများထူထောင်

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးလာရေး ကူညီအားပေးဆောင်ရွက်ရာ၌ ငွေကြေးအရင်းအနှီးနှင့် တောင်သူများ အဓိကလိုအပ်သည့် ဈေးကွက်သေချာမှုရှိစေရေးကိုပါ ထည့်သွင်းစီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များ စနစ်တကျ ဖော်ဆောင်ပေးနိုင်ရန် ထုတ်ကုန်တူရာအချင်းချင်း၊ စိုက်ပျိုးမွေးမြူလုပ်ကိုင်မှု တူရာအချင်းချင်းစုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်ပေးရန်လိုအပ်ကြောင်း၊ သို့မှသာ

*စာမျက်နှာ ၉ သို့*

# ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ယာယီပိတ်ထားခြင်းမှ ပြန်လည်ဖွင့်လှစ်

ရန်ကုန် မေ ၂

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ယာယီပိတ်ထားခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပသည်။**



ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထူးဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

### ယနေ့မှစ၍ ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် (၁၉) နှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုလက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါများကြောင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်မှစ၍ အများပြည်သူများ၏ ကျန်းမာရေးအလို့ငှာ ခေတ္တပိတ်ထားခဲ့သည်မှာ (၁)နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုအခါ အများပြည်သူများ လေ့လာအပန်းဖြေနိုင်စေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ယနေ့မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြန်လည်ဖွင့်လှစ်မည်ဆိုပါက တိုင်းရင်းသားများ၏ ရိုးရာပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည့်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွင် ဖျော်ဖြေရေးပွဲများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) အဖွဲ့တို့နှင့်ပူးပေါင်း၍ ပြည်ထောင်စုခန်းမတွင် ဖျော်ဖြေရေးပွဲများ တင်ဆက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် သက်ဆိုင်ရာဌာနများမှ ပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အများပြည်သူများ လေ့လာအပန်းဖြေနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသ ထိန်းချုပ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ အများပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်တော့မည့် နေရာဖြစ်သည့်အတွက် များစွာဝမ်းသာပျော်ရွှင် ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

### ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရေး ရည်ရွယ်

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယခုပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ စာပေ၊ ရိုးရာယဉ်ကျေးမှုများကို အခြားတိုင်းရင်းသားများက တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရန်နှင့် တိုင်းရင်းသားအသီးသီးတို့၏ရိုးရာဓလေ့ထုံးစံများကို လေ့လာသိရှိခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ပေါ်ကာ ထာဝရငြိမ်းချမ်းရေးရရှိ နိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးငွေအောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တာဝန်ခံ ဦးမျိုးဝင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြန်လည်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်းရှိ နန်းမြင့်မျှော်စင်၊ တိုင်းရင်းသားရိုးရာနေအိမ်များ၊ ဆိပ်ခံဗောတံတား တည်ဆောက်မည့်နေရာနှင့် လမုတောတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့် စုစည်းနေထိုင်ကြပြီး ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် မိမိတို့တိုင်းရင်းသားများအားလုံးသည် စည်းစည်းလုံးလုံးရှိရန်လိုပါကြောင်း၊ ထိုသို့စည်းလုံးမှုမရှိလျှင် တည်ငြိမ်မှုပျက်ပြားကာ ငြိမ်းချမ်းမှုလည်းရှိမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် စည်းစည်းလုံးလုံးနေခြင်းသည် အဓိကအချက်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် ဝန်ထမ်းများအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူဆောင်ရွက်ရန်လိုပါကြောင်း၊ သုတေသနစစ်တမ်းများအရ လူမျိုးစုပေါင်း ၅၀၀၀ ကျော်ခန့်သည် နှစ်စဉ်လူမျိုးစု ၂၅ မျိုး ကျော်ခန့် ပျောက်ကွယ်လျက်ရှိပါကြောင်း၊ နောင် နှစ်ပေါင်း ၂၀၀ ကျော်လျှင် လူမျိုးစုအားလုံး ပျောက်ကွယ်သွားနိုင်ကြောင်း၊ ထိုပျောက်ကွယ်သွားနိုင်မည့်အထဲတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများ ပါမသွားရန်မှာ မိမိတို့တိုင်းရင်းသားများကိုယ်တိုင်သာ ထိန်းသိမ်းကာကွယ်ရန် အဓိကကျပါကြောင်း၊ လူမျိုး မပပျောက်အောင် မိမိတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးကာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

### ထောက်ပံ့ငွေများ ပေးအပ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကမာရွတ်မြို့နယ်၊ ဥယျာဉ်လမ်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် ရခိုင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (၉) ဖွဲ့နှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက အထွေထွေဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့က ပြန်လည်ဆွေးနွေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးသည် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

အရင်းအနှီး တောင့်တင်းခိုင်မာခြင်း၊ လုပ်ငန်းတိုးချဲ့ရန် ချေးငွေလွယ်ကူစွာရယူနိုင်ခြင်း၊ အရည်အသွေးတူထုတ်ကုန်များ စုပေါင်းထုတ်လုပ်နိုင်သဖြင့် လက်ကားဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်နိုင်သဖြင့် ဈေးကွက်အကျိုးအမြတ်ကိုပါ ခံစားနိုင်ကြမည်ဖြစ်၍ တောင်သူများအတွက် အကျိုးကျေးဇူး ပိုမိုရရှိစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကြီးက တိုင်းဒေသကြီး၏လယ်ယာသားငါးထုတ်လုပ်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်တို့က ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်တို့သည် မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ မရွှေဥကျွန်းနှင့် ပထော်ပထက်ကျွန်းများသို့ သွားရောက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ GAP စနစ်ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိသည့် ကဏန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ယင်းလုပ်ငန်းဧရိယာအတွင်း ဒီရေတောများ ထိန်းသိမ်းထားမှုလုပ်ငန်းများကို လည်းကောင်း၊ ငါးမှုန့်စက်ရုံနှင့် စားသုံးကုန်ပစ္စည်းအတွက် ထုတ်လုပ်လျက်ရှိသည့် စံချိန်မီ ရေခဲစက်ရုံ၊ ပုစွန်နှင့်ကဏန်းပျော့ အေးခဲထုပ်ပိုးစက်ရုံများကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ညပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးပုစွန်လုပ်ငန်းရှင်များ၊ ဆီအုန်းလုပ်ငန်းရှင်များနှင့် ရော်ဘာလုပ်ငန်းရှင်များကို တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ လတ်တလော အခက်အခဲနှင့် ရေရှည်ဆောင်ရွက်ရန် လိုအပ်ချက်များ လုပ်ငန်းသုံးမြေများ ဥပဒေနှင့်အညီဖြစ်စေရေး၊ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တနင်္သာရီတိုင်း ဒေသကြီးတွင် စိုက်ပျိုးနိုင်သောမြေဧရိယာ ဧက ၁၀ သိန်းကျော်ရှိပြီး မိုးစပါးစိုက်ဧက နှစ်သိန်းကျော်၊ ရော်ဘာ စိုက်ဧက သုံးသိန်းကျော်၊ ဆီအုန်း စိုက်ဧက လေးသိန်းကျော် အပါအဝင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိကာ သီးနှံစိုက်စွမ်းအား ၁၃၆ ရာခိုင်နှုန်းကျော်ရှိသည်။ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် GAqP စနစ်ဖြင့် ကဏန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းဧက ငါးရာကျော်ရှိပြီး ကမ်းနီးငါးဖမ်းငါးသယ်ရေယာဉ် အစင်းရေ တစ်သောင်းကျော်၊ ဒေသခံကမ်းဝေးရေယာဉ် လေးရာကျော်၊ ဂရမ်ကြီး ကမ်းဝေးရေယာဉ်ကိုးရာကျော်တို့ဖြင့် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ငါးသယံဇာတ ပြုန်းတီးမှု ကာကွယ်ရေးအတွက် VMS စနစ်ဖြင့် ငါးဖမ်းရေယာဉ် တည်နေရာ စောင့်ကြည့်ထိန်းချုပ်ရေးကိုလည်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မဲရုံ ၁၁၉ ရုံ | ၂၄၈၁၄၅ | ၂၂၄၈၂၄ | ၃၅၃၅၂ | ၁၃၉၈ | ၂၁၂၆၄ |
| ၂ | မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မဲရုံ ၉၈ ရုံ | ၁၈၃၆၈၅ | ၁၄၀၂၂၄ | ၅၈၂၈၆ | ၇၉၉ | ၁၃၃၈၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၁၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၇၁၇၄၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၄၂၇၁၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၂၉၀၂၆၊ မြေပြင်လက်ကျန် ၂၂၅၀၁၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၆၀၁၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၀၀၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မော်လမြိုင်မြို့နယ် | ၁၁၉ | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၂၁ | ၄၁၁ |
| ၂ | ကျိုက်မရောမြို့နယ် | ၉၈ | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |
| | စုစုပေါင်း | ၂၁၇ | ၄၇၁၇၄၁ | ၂၄၂၇၁၅ | ၂၂၉၀၂၆ | ၂၂၅၀၁၃ | ၆၀၁၃ | ၂၀၀၀ |

**မော်လမြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်တွင် ရပ်ကွက် ၂၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ မဲရုံပေါင်း ၁၁၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၆၇၄၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၃၇၃၇၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၁၃၀၀၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၁၀၆၉၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၅၀၈၀၀ | ၁၅၁၀၂၆ | ၉၉၇၇၄ | ၉၇၄၆၄ | ၂၇၂၁ | ၄၁၁ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၅၉၄၆ | ၂၇၁၁ | ၁၃၂၃၅ | ၁၃၂၃၅ | | |
| | စုစုပေါင်း | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၂၁ | ၄၁၁ |

၆။ မော်လမြိုင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၉ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ် အရေအတွက် ၂၇၂၁ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၅ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၄၁၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ မော်လမြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ဇေယျာသီရိရပ်ကွက် | ၅ | ၁၀၉၀၀ | ၅၉၃၄ | ၄၉၆၆ | ၄၇၀၆ | ၂၆၀ | |
| ၂ | သာယာအေးရပ်ကွက် | ၂ | ၆၀၀၀ | ၃၁၅၂ | ၂၈၄၈ | ၂၇၉၈ | ၅၀ | |
| ၃ | ရွှေမြိုင်သီရိရပ်ကွက် | ၉ | ၁၈၁၀၀ | ၁၁၀၇၄ | ၇၀၂၆ | ၆၈၇၆ | ၁၅၀ | |
| ၄ | လှိုင်ရှမ်းစုရပ်ကွက် | ၇ | ၁၉၁၀၀ | ၁၁၁၇၅ | ၇၉၂၅ | ၇၆၆၅ | ၂၆၀ | |
| ၅ | ကျိုက်ဖနဲရပ်ကွက် | ၃ | ၅၅၅၀ | ၃၅၁၁ | ၂၀၃၉ | ၁၉၈၉ | ၅၀ | |
| ၆ | အောက်ကျင်းရပ်ကွက် | ၃ | ၆၉၅၀ | ၄၅၀၀ | ၂၄၅၀ | ၂၄၀၀ | ၅၀ | |
| ၇ | ဖက်တန်းရပ်ကွက် | ၅ | ၉၀၀၀ | ၅၄၆၉ | ၃၅၃၁ | ၃၅၃၁ | | |
| ၈ | မန္တလေးရပ်ကွက် | ၂ | ၄၁၀၀ | ၂၆၈၇ | ၁၄၁၃ | ၁၃၁၁ | ၁၀၂ | |
| ၉ | ရွှေတောင်ရပ်ကွက် | ၄ | ၆၆၅၀ | ၄၂၉၀ | ၂၃၆၀ | ၂၃၁၀ | ၅၀ | |
| ၁၀ | စစ်ကဲကုန်းရပ်ကွက် | ၃ | ၅၅၅၀ | ၃၄၂၁ | ၂၁၂၉ | ၂၁၁၁ | ၁၈ | |
| ၁၁ | မရမ်းကုန်းရပ်ကွက် | ၂ | ၃၅၅၀ | ၂၄၁၂ | ၁၁၃၈ | ၁၁၈၈ | | ၅၀ |
| ၁၂ | ပန်းဘဲတန်းရပ်ကွက် | ၂ | ၄၃၅၀ | ၂၇၇၈ | ၁၅၇၂ | ၁၅၇၂ | | |
| ၁၃ | ဘိုကုန်းရပ်ကွက် | ၃ | ၅၉၀၀ | ၄၀၆၃ | ၁၈၃၇ | ၁၉၃၇ | | ၁၀၀ |
| ၁၄ | ညောင်ပင်ဆိပ်ရပ်ကွက် | ၃ | ၆၇၅၀ | ၃၄၈၆ | ၃၂၆၄ | ၃၂၆၄ | | |
| ၁၅ | ကတိုးကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၂၅၇ | ၁၀၉၃ | ၁၀၉၃ | | |
| ၁၆ | ကော့နှတ်ကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၃၄၃ | ၁၂၀၇ | ၁၂၀၇ | | |
| ၁၇ | ကော့လှာကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၆၄၀ | ၁၃၁၀ | ၁၂၆၀ | ၅၀ | |
| ၁၈ | ကော့တွန်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၂၆၂ | ၁၀၈၈ | ၁၀၈၈ | | |
| ၁၉ | ကော့ပေါက်ကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၃၁၃ | ၁၂၃၇ | ၁၂၃၇ | | |
| ၂၀ | ကော့စိန်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၇၀ | ၃၈၀ | ၃၈၀ | | |
| ၂၁ | မောင်ငံရပ်ကွက် | ၄ | ၇၂၅၀ | ၄၂၃၅ | ၃၀၁၅ | ၂၈၇၅ | ၁၄၀ | |
| ၂၂ | ကွင်းရပ်ရပ်ကွက် | ၄ | ၈၄၅၀ | ၅၁၅၃ | ၃၂၉၇ | ၃၂၉၇ | | |
| ၂၃ | မုပွန်ရပ်ကွက် | ၅ | ၁၀၁၅၀ | ၆၀၉၂ | ၄၀၅၈ | ၄၀၅၆ | ၂ | |
| ၂၄ | သီရိမြိုင်ရပ်ကွက် | ၆ | ၁၀၇၅၀ | ၆၄၀၂ | ၄၃၄၈ | ၃၁၄၈ | ၁၂၀၀ | |
| ၂၅ | သီရိမင်္ဂလာရပ်ကွက် | ၃ | ၆၂၅၀ | ၃၄၆၄ | ၂၇၈၆ | ၂၇၈၆ | | |
| ၂၆ | ဈေးကြိုရပ်ကွက် | ၆ | ၁၄၃၅၀ | ၉၁၇၀ | ၅၁၈၀ | ၅၂၈၁ | | ၁၀၁ |
| ၂၇ | မြေနီကုန်းရပ်ကွက် | ၂ | ၅၆၅၀ | ၃၂၉၉ | ၂၃၅၁ | ၂၂၅၁ | ၁၀၀ | |
| ၂၈ | မြိုင်သာယာရပ်ကွက် | ၃ | ၉၈၀၀ | ၅၅၁၇ | ၄၂၈၃ | ၄၁၆၄ | ၁၁၉ | |
| ၂၉ | ဇေယျာမြိုင်ရပ်ကွက် | ၁ | ၃၅၀၀ | ၁၇၇၂ | ၁၇၂၈ | ၁၇၂၈ | | |
| ၃၀ | ကျောက်တန်းရပ်ကွက် | ၂ | ၄၂၅၀ | ၂၄၇၁ | ၁၇၇၉ | ၁၇၇၉ | | |
| ၃၁ | ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက် | ၃ | ၅၁၅၀ | ၃၁၅၆ | ၁၉၉၄ | ၁၉၄၄ | ၅၀ | |
| ၃၂ | ငန်းတေးရပ်ကွက် | ၂ | ၄၂၀၀ | ၂၈၆၅ | ၁၃၃၅ | ၁၃၃၅ | | |
| ၃၃ | စမ်းကြီးရပ်ကွက် | ၁ | ၁၂၅၀ | ၈၇၀ | ၃၈၀ | ၃၈၀ | | |
| ၃၄ | ငွေးကုန်းရပ်ကွက် | ၂ | ၄၃၀၀ | ၂၇၃၂ | ၁၅၆၈ | ၁၅၇၈ | | ၁၀ |
| ၃၅ | နောင်ခရီရပ်ကွက် | ၄ | ၇၂၀၀ | ၅၀၁၈ | ၂၁၈၂ | ၂၁၃၂ | ၅၀ | |
| ၃၆ | မုရောင်းကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၁၄၈၇ | ၁၂၁၃ | ၁၂၀၃ | ၁၀ | |
| ၃၇ | မင်းရွာကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၀၉၃ | ၆၅၇ | ၆၅၇ | | |
| ၃၈ | ကြာအင်းကျေးရွာအုပ်စု | ၃ | ၅၄၅၀ | ၃၆၅၅ | ၁၇၉၅ | ၁၇၉၅ | | |
| ၃၉ | ကော့ခနိကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၃၁ | ၂၁၉ | ၂၁၉ | | |
| ၄၀ | ကော့ခမယ်ကျေးရွာအုပ်စု | ၂ | ၄၂၅၀ | ၂၄၃၃ | ၁၈၁၇ | ၁၈၀၇ | ၁၀ | |
| ၄၁ | ဖားအောက်ကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၂၀၄၄ | ၁၇၀၆ | ၁၈၅၆ | | ၁၅၀ |
| ၄၂ | ရိုးဂိုးကျေးရွာအုပ်စု | ၁ | ၃၀၀၀ | ၁၇၃၀ | ၁၂၇၀ | ၁၂၇၀ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၁၉ | ၂၅၀၈၀၀ | ၁၅၁၀၂၆ | ၉၉၇၇၄ | ၉၇၄၆၄ | ၂၇၂၁ | ၄၁၁ |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၁၅၉၄၆ | ၂၇၁၁ | ၁၃၂၃၅ | ၁၃၂၃၅ | | |
| | မြို့နယ်ချုပ် စုစုပေါင်း | ၁၁၉ | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၂၁ | ၄၁၁ |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ



ကျိုက်မရောမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



မော်လမြိုင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

## ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၉၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၀၄၉၉၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၈၉၇၈ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၁၆၀၁၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၁၄၃၁၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၈၆၄၃၅ | ၈၆၂၆၃ | ၁၀၀၁၇၂ | ၉၉၇၉၉ | ၁၉၆၂ | ၁၅၈၉ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၈၅၆၀ | ၂၇၁၅ | ၁၅၈၄၅ | ၁၄၅၁၅ | ၁၃၃၀ | |
| | စုစုပေါင်း | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |

၉။ ကျိုက်မရောမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၆ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၉၆၂ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၂၄ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၅၈၉ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၁၅၈၄၅ ဖြစ်သော်လည်း မြေပြင်တွင် ၁၄၅၁၅ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၁၃၃၀ ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရှင်စောပုရပ်ကွက် | ၃ | ၅၃၀၂ | ၂၉၁၄ | ၂၃၉၈ | ၂၀၈၆ | ၃၁၂ | |
| ၂ | ရန်မျိုးအောင်ရပ်ကွက် | ၃ | ၅၆၂၅ | ၂၈၇၈ | ၂၇၄၇ | ၂၈၂၂ | | ၇၅ |
| ၃ | အောင်သုခရပ်ကွက် | ၂ | ၃၆၉၄ | ၁၆၉၅ | ၁၉၉၉ | ၁၈၅၅ | ၁၄၄ | |
| ၄ | အထရံရပ်ကွက် | ၁ | ၂၅၉၂ | ၈၁၆ | ၁၇၇၆ | ၁၇၃၄ | ၄၂ | |
| ၅ | အံကရဲကျေးရွာအုပ်စု | ၁ | ၂၀၈၄ | ၅၅၅ | ၁၅၂၉ | ၁၃၄၅ | ၁၈၄ | |
| ၆ | အထရံကျေးရွာအုပ်စု | ၂ | ၂၉၉၆ | ၁၃၇၇ | ၁၆၁၉ | ၁၆၃၃ | | ၁၄ |
| ၇ | ဘာဘူကုန်းကျေးရွာအုပ်စု | ၁ | ၃၆၅၀ | ၁၄၇၁ | ၂၁၇၉ | ၂၁၇၉ | | |
| ၈ | ဘိန်းဖျောကျေးရွာအုပ်စု | ၁ | ၂၁၉၁ | ၁၀၆၄ | ၁၁၂၇ | ၁၁၃၆ | | ၉ |
| ၉ | ဓမ္မသကျေးရွာအုပ်စု | ၂ | ၃၅၅၁ | ၁၉၃၉ | ၁၆၁၂ | ၁၉၆၄ | | ၃၅၂ |
| ၁၀ | လှကဇိုင်းကျေးရွာအုပ်စု | ၄ | ၇၄၁၇ | ၃၇၀၆ | ၃၇၁၁ | ၃၆၉၄ | ၁၇ | |
| ၁၁ | ကဒါကျေးရွာအုပ်စု | ၅ | ၁၀၀၈၁ | ၅၃၀၁ | ၄၇၈၀ | ၄၆၄၉ | ၁၃၁ | |
| ၁၂ | ကလိုင်းကနိုင်ကျေးရွာအုပ်စု | ၁ | ၁၄၆၈ | ၉၆၁ | ၅၀၇ | ၅၉၂ | | ၈၅ |
| ၁၃ | ခနောင်ကျေးရွာအုပ်စု | ၁ | ၈၉၉ | ၅၃၁ | ၃၆၈ | ၃၆၈ | | |
| ၁၄ | ကော့ဘွီးကျေးရွာအုပ်စု | ၃ | ၆၃၀၆ | ၂၇၅၀ | ၃၅၅၆ | ၃၆၁၀ | | ၅၄ |
| ၁၅ | ကော့ခလိန်ကျေးရွာအုပ်စု | ၂ | ၃၅၅၅ | ၁၄၆၂ | ၂၀၉၃ | ၂၂၃၈ | | ၁၄၅ |
| ၁၆ | ကော့ပလိုင်ကျေးရွာအုပ်စု | ၁ | ၁၃၃၂ | ၆၂၇ | ၇၀၅ | ၇၂၃ | | ၁၈ |
| ၁၇ | ကော့ကလေ့ကျေးရွာအုပ်စု | ၂ | ၄၇၁၉ | ၂၃၂၄ | ၂၃၉၅ | ၂၄၂၆ | | ၃၁ |
| ၁၈ | ကော့ပနောကျေးရွာအုပ်စု | ၂ | ၅၀၂၃ | ၂၀၃၉ | ၂၉၈၄ | ၃၀၈၁ | | ၉၇ |
| ၁၉ | ကော့သတ်ကျေးရွာအုပ်စု | ၂ | ၃၆၆၈ | ၁၆၁၁ | ၂၀၅၇ | ၂၁၀၁ | | ၄၄ |
| ၂၀ | ခရုံကျေးရွာအုပ်စု | ၂ | ၂၈၅၅ | ၁၄၂၅ | ၁၄၃၀ | ၁၅၂၅ | | ၉၅ |
| ၂၁ | ကွမ်ငန်းကျေးရွာအုပ်စု | ၁ | ၂၁၄၈ | ၉၇၆ | ၁၁၇၂ | ၁၁၇၂ | | |
| ၂၂ | ကျိုက်ပရန်ကျေးရွာအုပ်စု | ၂ | ၄၄၆၃ | ၁၈၃၇ | ၂၆၂၆ | ၂၆၆၉ | | ၄၃ |
| ၂၃ | ကြီးအုပ်ကျေးရွာအုပ်စု | ၁ | ၂၀၉၉ | ၁၁၂၇ | ၉၇၂ | ၉၂၃ | ၄၉ | |
| ၂၄ | ကျုံကွယ်ကျေးရွာအုပ်စု | ၃ | ၅၆၇၀ | ၂၄၈၇ | ၃၁၈၃ | ၃၀၆၃ | ၁၂၀ | |
| ၂၅ | ကျုံစိန်ကျေးရွာအုပ်စု | ၁ | ၁၉၃၀ | ၉၉၃ | ၉၃၇ | ၁၀၀၈ | | ၇၁ |
| ၂၆ | ကျုံဝမ်းကျေးရွာအုပ်စု | ၂ | ၄၂၁၈ | ၁၆၅၉ | ၂၅၅၉ | ၂၆၄၀ | | ၈၁ |
| ၂၇ | ကျွန်းရွာကျေးရွာအုပ်စု | ၃ | ၅၈၈၄ | ၂၈၈၄ | ၃၀၀၀ | ၂၈၉၆ | ၁၀၄ | |
| ၂၈ | လမုခိုကျေးရွာအုပ်စု | ၂ | ၄၁၈၉ | ၂၁၃၇ | ၂၀၅၂ | ၂၀၁၃ | ၃၉ | |
| ၂၉ | လက်ပန်ကျေးရွာအုပ်စု | ၁ | ၂၁၄၀ | ၉၁၀ | ၁၂၃၀ | ၁၃၄၀ | | ၁၁၀ |
| ၃၀ | မယ်ကရိုကျေးရွာအုပ်စု | ၁ | ၁၃၇၂ | ၆၈၉ | ၆၈၃ | ၇၁၁ | | ၂၈ |
| ၃၁ | မိကသစ်ကျေးရွာအုပ်စု | ၂ | ၄၃၉၉ | ၂၅၃၅ | ၁၈၆၄ | ၁၈၆၄ | | |
| ၃၂ | မုဆိုးကျွန်းကျေးရွာအုပ်စု | ၁ | ၂၄၄၈ | ၁၀၆၃ | ၁၃၈၅ | ၁၃၈၅ | | |
| ၃၃ | ငပြေမကျေးရွာအုပ်စု | ၁ | ၂၇၉၁ | ၁၄၂၄ | ၁၃၆၇ | ၁၃၇၆ | | ၉ |
| ၃၄ | ငပုအင်းကျေးရွာအုပ်စု | ၁ | ၁၈၄၉ | ၉၄၄ | ၉၀၅ | ၉၀၅ | | |
| ၃၅ | နိဒ္ဒုံကျေးရွာအုပ်စု | ၂ | ၃၇၃၈ | ၁၈၈၂ | ၁၈၅၆ | ၁၉၂၂ | | ၆၆ |
| ၃၆ | ဖားပျောက်ကျေးရွာအုပ်စု | ၁ | ၂၃၃၁ | ၁၂၆၁ | ၁၀၇၀ | ၁၀၇၀ | | |
| ၃၇ | ပိန်းနဲကုန်းကျေးရွာအုပ်စု | ၄ | ၉၅၂၀ | ၄၀၀၈ | ၅၅၁၂ | ၅၂၃၂ | ၂၈၀ | |
| ၃၈ | ဖနုံကျေးရွာအုပ်စု | ၃ | ၄၁၉၆ | ၂၀၁၇ | ၂၁၇၉ | ၂၁၈၃ | | ၄ |
| ၃၉ | ဖာသိမ်ကျေးရွာအုပ်စု | ၃ | ၄၀၈၃ | ၂၀၃၉ | ၂၀၄၄ | ၁၈၆၁ | ၁၈၃ | |
| ၄၀ | တရနာကျေးရွာအုပ်စု | ၉ | ၁၃၀၈၇ | ၅၇၂၈ | ၇၃၅၉ | ၇၃၇၀ | | ၁၁ |
| ၄၁ | သံကလောင်ကျေးရွာအုပ်စု | ၁ | ၁၅၇၀ | ၅၂၅ | ၁၀၄၅ | ၁၀၂၅ | ၂၀ | |
| ၄၂ | ဦးလေးကျေးရွာအုပ်စု | ၁ | ၂၃၉၇ | ၁၀၃၇ | ၁၃၆၀ | ၁၃၆၃ | | ၃ |
| ၄၃ | ရေတွင်းကုန်းကျေးရွာအုပ်စု | ၅ | ၁၀၅၆၁ | ၃၈၃၀ | ၆၇၃၁ | ၆၈၇၂ | | ၁၄၁ |
| ၄၄ | လွှစင်ကုန်းကျေးရွာအုပ်စု | ၁ | ၁၀၄၇ | ၄၇၁ | ၅၇၆ | ၅၇၉ | | ၃ |
| ၄၅ | ချောင်းနှစ်ခွကျေးရွာအုပ်စု | ၂ | ၄၁၂၉ | ၂၂၁၇ | ၁၉၁၂ | ၁၈၈၃ | ၂၉ | |
| ၄၆ | ကတုံစိကျေးရွာအုပ်စု | ၂ | ၃၂၇၄ | ၁၁၁၅ | ၂၁၅၉ | ၂၁၃၅ | ၂၄ | |
| ၄၇ | ရေပူကျေးရွာအုပ်စု | ၁ | ၁၈၈၄ | ၁၀၂၂ | ၈၆၂ | ၅၇၈ | ၂၈၄ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၈ | ၁၈၆၄၃၅ | ၈၆၂၆၃ | ၁၀၀၁၇၂ | ၉၉၇၉၉ | ၁၉၆၂ | ၁၅၈၉ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၈၅၆၀ | ၂၇၁၅ | ၁၅၈၄၅ | ၁၄၅၁၅ | ၁၃၃၀ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၈ | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❖ *ကျောဖုံးမှ*

အတွင်းမှ ဖူလ်ဟမ်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် လက်ကျန်ပွဲစဉ်များကို အားစိုက်ကစားရတော့မည်ဖြစ်သည်။

နယူးကာဆယ်သည် ယနေ့ပွဲစဉ်တွင် အားထားရသည့် မာဇီ၊ လောင်းစတပ်ဖ်၊ ရှယ်ဖေး၊ ဝီလ်ဆင်စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ အာဆင်နယ်အသင်းကလည်း ယနေ့ပွဲစဉ်တွင် ဘယ်လာရင်၊ မာတင်နယ်လီ၊ အိုဒီဂတ်၊ ဝီလီယံ၊ အူဘာမီယန်စသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။

အနိုင်ရရှိရေး ဦးတည်လာသည့် အာဆင်နယ်အသင်းသည် အဖွင့်ဂိုးကို ပွဲချိန် ခြောက်မိနစ်တွင် ရရှိခဲ့ပြီး အူဘာမီယန်၏ ဖန်တီးပေးမှုမှတစ်ဆင့် အယ်နီနီက သွင်းယူပေးနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ယနေ့ပွဲစဉ်တွင် အာဆင်နယ်အသင်းကို ထိရောက်သည့် ဂိုးကန်သွင်းခွင့်နည်းပါးခဲ့ပြီး အာဆင်နယ်အသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်ကို တွေ့ရသည်။ အာဆင်နယ်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် မာတင်နယ်လီ၏ ဖန်တီးပေးမှုမှတစ်ဆင့် အူဘာမီယန်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နယူးကာဆယ်အသင်း ချေပဂိုးရရှိရေးကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းမှ အူဘာမီယန်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၅ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ပွဲချိန်ပြီးခါနီးတွင် နယူးကာဆယ်အသင်းမှ လူစားဝင်ခံစစ်ကစားသမား ရှား ကစားပုံကြမ်းတမ်းခဲ့သောကြောင့် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

အခြားပွဲစဉ်များတွင် မန်စီးတီးအသင်းက ပဲလေ့စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရိုက်တန်အသင်းက လိဒ်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ချယ်ဆီးအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့မှုများဆောင်ရွက်

**နေပြည်တော် မေ ၂**

ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ နှင့်သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ရှိ ကယားပြည်နယ်ခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းအခမ်းအနားတွင် တက်ရောက်ကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

### ထောက်ပံ့ငွေပေးအပ်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများ၊ စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများမှကိုယ်စားလှယ်များနှင့် မသန်စွမ်းပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအပိုင်းတွင် ၎င်းတို့ တည်ထောင်ဖွင့်လှစ်ထားရှိသော ပရဟိတဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် ထောက်ပံ့ငွေပေးအပ်လျက် ရှိပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအပိုင်း၌ ၂၀၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၂၀၁၆) ပါ သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံမှု ရရှိစေရေးတို့အတွက် လူမှုရေးပင်စင်ထောက်ပံ့ ခြင်းအစီအစဉ်အဖြစ် အသက် ၉၀ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများအား တစ်ဦးကို တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးရာ နောက်ပိုင်းတွင် အကျုံးဝင် အသက်ကို အသက် ၉၀ မှ အသက် ၈၅ နှစ်သို့ လျှော့ချ၍ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

ယနေ့ အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအစီအစဉ် ပါဝင်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် အခြေအနေများကို အနည်းငယ် ဖြည့်စွက်ရှင်းလင်းတင်ပြ လိုပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတကာစံနှုန်းများ ပြည့်မီစေနိုင်ရန် မသန်စွမ်းသူများအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ နည်းဥပဒေများ (၂၀၁၇)ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ယင်းဥပဒေ၊ နည်းဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီများအပြင် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကော်မတီများတွင် ဆက်စပ်ဝန်ကြီးဌာနများအပြင် မသန်စွမ်းမှုဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများက ဖွင့်လှစ်သည့် သင်တန်းများ၊ အများပြည်သူအတွက် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း စနစ်တစ်ရပ် ပေါ်ထွက်လာစေရန်အတွက် ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီ များ၊ INGO, NGO များ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်း

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရေး၊ ထိခိုက်လွယ်အုပ်စုများကို ပိုမိုပံ့ပိုးနိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အခြေခံကျသော စာရင်းဇယားအချက်အလက်များ ရရှိနိုင်ရေးနှင့် အကျိုးခံစားခွင့်ရှိသည့် ပြည်သူများလက်ဝယ် အရောက်ထောက်ပံ့နိုင်ရေး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင်အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်သူ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံးက ဆက်လက်ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

### ဆက်လက်ထောက်ပံ့

ဆက်လက်၍ ကယားပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၇၁၇ ဒသမ ၂၄ သိန်း၊ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို ၈၆၈ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၂၆၀ ဒသမ ၄ သိန်း၊ ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူ ၁၁၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၃ ဒသမ ၉ သိန်း၊ ထောက်ပံ့ ငွေကျပ် စုစုပေါင်း (၁၀၁၁ ဒသမ ၅၄ သိန်း) ကို ကယားပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက မြို့နယ်အလိုက်စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အဆိုပါ ထောက်ပံ့ငွေများကို ဆက်လက်ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌတို့သည် လူမှုရေး ပင်စင်ထောက်ပံ့ငွေများကို တက်ရောက်လာသည့် အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများထံ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသူများ ကိုယ်စား လွိုင်ကော်မြို့ တပ်ဦးပရဟိတဂေဟာမှ ဂေဟာကော်မတီ ဥက္ကဋ္ဌ၊ ဦးစန်းတင့် က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

### ကြိုးစားဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပသည့် လွိုင်ကော်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ကြားကာလ အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရမှု အခြေအနေများနှင့် လတ်တလော ဆောင်ရွက်ချက်များ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ထားရှိအပ်သော ခံယူချက်သဘောထားနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကား ပြောကြားပြီး တက်ရောက်လာသူ ဝန်ထမ်းများက တင်ပြလိုသည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

### ညှိနှိုင်းဖြည့်ဆည်း

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် ဖယ်ခုံမြို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနလက်အောက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဖယ်ခုံ) သို့ရောက်ရှိရာ စခန်းအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် ပိုင်ဖြိုးခန့် ကုမ္ပဏီမှ ငွေကျပ် (၅၆ ဒသမ ၅၅၀) သန်းဖြင့် ဆောင်ရွက်လျက်ရှိသော စခန်းအဝင်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စခန်းတာဝန်ခံနှင့် တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီမှတာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အရည်အသွေးကြံ့ခိုင် ကောင်းမွန်ရေး၊ သတ်မှတ်လျာထားသည့်အတိုင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ၏ ကိုဗစ်- ၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၄၀၀၀၀၀ ကျော်လွန်လာ

နယူးဒေလီ မေ ၂

**အိန္ဒိယနိုင်ငံ၏ နေ့စဉ် ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာ ပထမဆုံးအကြိမ်အဖြစ် ၄၀၀၀၀၀ အဖြစ် ကျော်လွန်လာပြီဟု သိရသည်။ မေ ၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၀၁၉၉၃ ဦးရှိပြီး သေဆုံးသူ ၃၅၂၃ ဦး ရှိသည်ဟု အိန္ဒိယအစိုးရက သတင်းထုတ်ပြန်ထားသည်။**

ဆေးဘက်သုံး အောက်ဆီဂျင်ပြတ်တောက်မှုနှင့် ဆေးရုံ ခုတင်မလုံလောက်မှုတို့ကြောင့် အိန္ဒိယရှိ ကိုဗစ်-၁၉လူနာများမှာ ဆေးကုသမှုခံယူရခြင်းမရှိဘဲ သေဆုံးရခြင်းဖြစ်သည်ဟု သိရသည်။

နောက်ထပ်ကူးစက်မှုများကို နှိမ်နင်းနိုင်ရေး အတွက် အိန္ဒိယအစိုးရသည် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်ကို တိုးချဲ့လုပ်ကိုင် လျက်ရှိပြီး အသက် ၁၈ နှစ်နှင့်အထက် အသက် အုပ်စုများကိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေး နိုင်ရေးအတွက် ကြိုးစားလျက်ရှိသည်။ ယခင်က အသက် ၄၅ နှစ်နှင့်အထက် အသက်အုပ်စုကိုသာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်သေးသည်။

ကာကွယ်ဆေး တိုးချဲ့ထိုးပေးသည့် အစီအစဉ် အရ လူပေါင်း သန်း ၆၀၀ နီးပါး ကာကွယ်ဆေး ထိုးနိုင်သည့် အခွင့်အလမ်းရရှိလာမည် ဖြစ်သည်။ သို့သော်လည်း နိုင်ငံအတွင်း ကိုဗစ် -၁၉ ကာကွယ် ဆေးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်။

ကာကွယ်ဆေးထောက်ပံ့ပေးနိုင်မှုပြတ်တောက် နေသည့်အတွက် အချို့သော ပြည်နယ်များတွင် နောက်ထပ် အသက်အုပ်စုများကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် လုံလောက်မှုမရှိ ဖြစ်နေရသည်။ အိန္ဒိယအစိုးရသည် ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အခြေအနေ သုံးစွဲခွင့်အတွက် ခွင့်ပြုပေးပြီး အသုံးပြုနိုင်ရေးစီစဉ် လျက်ရှိသည်။ ကာကွယ်ဆေးနှင့် ပတ်သက်သည့် ပစ္စည်းများလည်း အမေရိကန်မှ ပေးပို့မည်ဟု မျှော်လင့်ထားသည်။



အိန္ဒိယနိုင်ငံရှိ ဆေးရုံတစ်ရုံတွင် အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေသည့် လူနာတစ်ဦးကို တွေ့ရစဉ်။

**အင်န်အိတ်ချ်ကေ**

# ကယ်လီဖိုးနီးယားရှိ ဒစ္စနေးလ်ဥယျာဉ် ပြန်လည်ဖွင့်လှစ်

**ကယ်လီဖိုးနီးယား မေ ၂**

ဝေါ့ဒစ္စနေးလ် ကုမ္ပဏီသည် ကယ်လီ ဖိုးနီးယားရှိ ဥယျာဉ်ကို ပြန်လည်ဖွင့်လှစ်ပြီး အမေရိကန် နိုင်ငံတစ်လွှား စီးပွားရေးလှုပ်ရှားမှုများကို ပြန်လည်စတင်ပြီဟု သိရသည်။

ဒစ္စနေးလ်ဥယျာဉ်နှင့်ကယ်လီ ဖိုးနီးယားရှိ ဒစ္စနေးလ်စွန့်စားခန်း ဥယျာဉ်တို့ကိုလည်း ဧပြီ ၃၀ ရက်က ဂိတ်ပေါက်များ ပြန်လည် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ဥယျာဉ်များမှာ ပြီးခဲ့သည့်နှစ် မတ်လကတည်းက ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်ကြောင့် ပိတ်ထားခဲ့ရခြင်း ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးရေး အစီအစဉ်များ တိုးမြှင့် လုပ်ဆောင်နိုင်ခဲ့ပြီး နောက် ကယ်လီဖိုးနီးယား အာဏာပိုင်များသည် ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သည်။

လာရောက် လည်ပတ်သူ အမျိုးသမီးတစ်ဦးက ဒစ္စနေးလ် ဥယျာဉ်သို့ လာရောက်လည်ပတ်ရသည့်အတွက် အိပ်မက်မက်နေသလို ခံစားရကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ဥယျာဉ်အတွင်းသို့ ဝင်ရောက်ခွင့်များမှာ တင်းကျပ်ထားဆဲ ဖြစ်သည်။ လာရောက် လည်ပတ်သူများ အနေဖြင့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားရန် လိုအပ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ရုရှားနိုင်ငံထုတ် Sputnik V ကာကွယ်ဆေးများ အိန္ဒိယနိုင်ငံသို့ ပထမအသုတ်အဖြစ် ရောက်ရှိ

**နယူးဒေလီ မေ ၂**

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထုတ် ကိုဗစ် – ၁၉ ကာကွယ်ဆေး Sputnik V ပေးပို့ခြင်းကို လက်ခံရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ ရုရှားနိုင်ငံမှ ပေးပို့လိုက်သည့် ကိုဗစ် –၁၉ ကာကွယ်ဆေးများ ဟိုက်ဒရာဘတ်သို့ ရောက်လာကြောင်း ကပ်ရောဂါတိုက်ဖျက်ရေးအတွက် အဆိုပါဆေးများကို ထည့်ပေါင်းသွားမည်ဟု သိရသည်။

လေဆိပ်မှ ကာကွယ်ဆေးများ သယ်ယူနေသည့်ပုံကိုလည်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာရင်ဒန်ဘတ်ချီက ဖော်ပြခဲ့သည်။ Sputnik V ကာကွယ်ဆေးအလုံး ၁၅၀၀၀၀ ကို ပထမအသုတ်အဖြစ် အပ်နှံခြင်းဖြစ်ပြီး နောက်ထပ်သန်းနှင့်ချီသည့် ကာကွယ်ဆေးများ ရောက်လာရန် ရှိသေးသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Sputnik V ကာကွယ်ဆေးများကို ဟိုက်ဒရာဘတ်ရှိ ဓာတ်ခွဲခန်းသို့ပေးပို့မည်ဖြစ်ပြီး အဆိုပါ ဓာတ်ခွဲခန်းမှာ Sputnik V ကာကွယ်ဆေး အိန္ဒိယတွင်ထုတ်ရန် ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် လက်တွဲထားသည့် ဓာတ်ခွဲခန်းဖြစ်သည်။ Sputnik V ကာကွယ်ဆေးမှာ အိန္ဒိယတွင် Covaxin နှင့် Covishield ပြီးလျှင် တတိယမြောက်သုံးစွဲမည့် ကာကွယ်ဆေးဖြစ်လာမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် သွားလာလှုပ်ရှားမှုများကို လျှော့ချရန် အာဂျင်တီးနားအစိုးရ တောင်းဆို

**ဗျူနိုအေရိစ် မေ ၂**

အာဂျင်တီးနားနိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်မှုများကို နှိမ်နင်းနိုင်ရေးအတွက် နိုင်ငံသားအားလုံး သွားလာလှုပ်ရှားမှုများ လျှော့ချကြရန်နှင့် တစ်ဦးချင်းစီ ဂရုစိုက်စောင့်ရှောက်မှုကို လိုက်နာကြရန် အာဂျင်တီးနားကျန်းမာရေးဝန်ကြီး ကာလာ ဗစ်ဇိုတီက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းကို ထိထိရောက်ရောက် ကျော်လွှားနိုင်ရေးအတွက် ပြည်သူများသွားလာလှုပ်ရှားမှုများကို လျှော့ချရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။ မိမိတို့၏ အပြုအမူတိုင်းကို ဂရုတစိုက်ပြုပြင်ခြင်းဖြင့် ရောဂါကူးစက်မှုနှုန်းကို လျှော့ချနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနသို့ နောက်ထပ်အသက်ရှူအထောက်အကူပြုကိရိယာ ၂၅၀ ရရှိသည်ဟုလည်းသိရသည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အသက်ရှူအထောက်အကူပြုကိရိယာ ၃၆၈၂ ခုကို တိုင်းပြည်တစ်ဝန်းဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ချီလီနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၂ သန်းကျော်ရှိလာ

**ဆန်တီရာဂို မေ ၂**

ချီလီနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၂ သန်း ကျော်လွန်သွားပြီ ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး အင်ရီကိုတ်ပဲရစ်က မေ ၁ ရက်တွင် ကြေညာခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်မှုပေါင်း ၆၄၆၉ ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၂၀၄၇၅၅ ဦးရှိသည်ဟု သိရသည်။

ပြန်လည် ကျန်းမာလာသူ အရေအတွက်မှာလည်း ၁၁၃၆၈၁၆ ဦး ရှိသည်ဟု သိရသည်။ သေဆုံးသူ ၁၀၄ ဦး ထပ်တိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက်မှာလည်း ၂၆၄၅၇ ဦး ရှိလာသည်ဟု သိရသည်။ ပြီးခဲ့သည့် တစ်ပတ်တာကာလအတွင်း တိုင်းပြည်တောင်ပိုင်းတွင် ကူးစက်မှု ၅ ရာခိုင်နှုန်းတိုးလာသည်ဟု ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။ မတ်လနှင့် ဧပြီလတို့တွင် ချီလီနိုင်ငံ၌ ကူးစက်မှုအမြင့်ဆုံးဖြစ်ခဲ့ပြီး လက်ရှိနေ့စဉ်ကူးစက်မှုမှာ ၅၀၀၀ နှင့် ၇၀၀၀ ကြားတွင် ရှိသည်။ အသွားအလာ ကန့်သတ်မှုကို သီတင်းပတ်အကုန်ပိုင်းတွင် တင်းကျပ်ပြီး ဈေးဆိုင်များနှင့် စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့် ပေးခဲ့သည်။ မေလတစ်လလုံး တိုင်းပြည်ရှိ နယ်စပ်များအားလုံးကို ပိတ်သွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**



ချီလီနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

# ပြင်သစ်နိုင်ငံက ကိုဗစ်-၁၉ ကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးသွားမည်

နှင်းမိုးအိမ်

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို မေလပထမပတ်မှစတင်ကာ တဖြည်းဖြည်းဖြေလျှော့မှုများ ပြုလုပ်ပေးမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်ကြားမှ ယခုဖြေလျှော့မှုများ ပြုလုပ်ပေးခြင်းဖြစ်သည်။ ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်ခြင်းဖြင့် ပြည်သူများ အချက်အလက်များတွင် လက်မှတ်ရေးထိုးစရာမလိုဘဲ အပြင်ထွက်နိုင်ပြီဖြစ်သည်။

## ဆက်လက်ထားရှိဦးမည်

ဒေသတွင်းခရီးသွားလာခွင့်ကိုလည်း မေ ၃ ရက်မှစတင်ကာ ဖြေလျှော့ပေးလိုက်ပြီဖြစ်သည်။ သို့သော်လည်း ည ၇ နာရီမှ နံနက် ၆ နာရီအထိ အပြင်မထွက်ရအမိန့်မှာမူ ဆက်လက်ထားရှိဦးမည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် တွစ်တာပေါ်တွင် ရေးသားထားသည့်အချိန်စာရင်းအရ သိရသည်။ မေ ၁၉ ရက်မှစတင်ကာ ညဘက်အပြင်မထွက်ရအမိန့်ကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးမည်ဖြစ်ပြီး ညဘက်အပြင်မထွက်ရ သတ်မှတ်ချက်ကို ည ၉ နာရီအထိ နှစ်နာရီ နောက်ဆုတ်ပေးမည်ဖြစ်သည်။ ဇွန် ၉ ရက်တွင်မူ ည ၁၁ နာရီအထိ ပြောင်းလဲသတ်မှတ်ပေးမည်ဟု သိရသည်။

## ဈေးဆိုင်များ ပြန်ဖွင့်ခွင့်ပေးမည်

ဇွန်လလယ်ပိုင်းတွင် စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်များ၊ အရေးတကြီး မလိုအပ်သည့် ဈေးဆိုင်များကို ပြန်ဖွင့်ခွင့်ပေးမည် ဖြစ်သည်။ စားပွဲတစ်ဝိုင်းတွင် လူခြောက်ယောက်သာ ထိုင်ခွင့်ရှိသည်ဟု သိရသည်။ ပြတိုက်များ၊ ကဇာတ်ရုံကြီးများ၊ ရုပ်ရှင်ရုံများနှင့် အားကစားနှင့် သက်ဆိုင်သည့်နေရာများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။ သို့သော်လည်း အဆောက်အအုံအတွင်းပိုင်းတွင် ပြုလုပ်ရသည့်ပွဲများအတွက် လူဦးရေ ၈၀၀ ဝင်ခွင့်ပေးမည်ဖြစ်ပြီး အပြင်ဘက်တွင် ကျင်းပမည့်ပွဲများအတွက်မူ လူဦးရေ ၁၀၀၀ အထိ ခွင့်ပြုပေးထားသည်။ ဇွန် ၉ ရက်မှစတင်ကာ အားကစားခန်းမများ ပြန်လည်ဖွင့်ခွင့်ပေးမည်ဖြစ်ကာ နိုင်ငံခြားခရီးသွားများကိုလည်း ပြန်လည်ဝင်ရောက်ခွင့်ပေးမည်ဖြစ်သည်။

## နှောင့်နှေးမည်ဖြစ်

အဆိုပါဖြေလျှော့မှုများကို နိုင်ငံနှင့်တစ်ဝန်း အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်သည်။ သို့သော်လည်း ကူးစက်မှုအန္တရာယ် မြင့်မားသည့်နေရာများကိုမူ ဆက်လက်တင်းကျပ်သွားမည်ဟု ပြင်သစ်သမ္မတက ပြောကြားခဲ့သည်။ ကူးစက်မှုနှုန်းမြင့်သည့် ဒေသများတွင်မူ အသွားအလာကန့်သတ်မှု ဖြေလျှော့ပေးမှု နှောင့်နှေးမည်ဖြစ်သည်။ လူဦးရေ ၁၀၀၀၀၀ တွင် ကူးစက်မှု ၄၀၀ ရှိပါက ယင်းဒေသတွင် ကန့်သတ်ချက်များ ဖြေလျှော့ခြင်းကို နောက်ကျမှ လုပ်ဆောင်သွားမည်ဟု သိရသည်။ ပြည်တွင်း၌ ကိုဗစ်-၁၉ ကူးစက်မှုများရှိနေသည့် အချိန်တွင် ပုံမှန်လူနေမှုဘဝသို့ တဖြည်းဖြည်းချင်း ပြန်ရောက်ရန် ကြိုးပမ်းမည့်အချိန်စာရင်းထွက်ပေါ်လာခြင်းဖြစ်သည်။ ပြင်သစ်တွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်မှုများ လျော့ကျလာကာ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက် ကုသမှုခံယူရသည့် ပမာဏလည်း လျော့ကျလာသည်ဟု သိရသည်။

## ဝန်ပိမှုလျော့နည်းလာ

ဧပြီ ၂၉ ရက်တွင် လူပေါင်း ၂၆၅၃၈ ဦးထက်မနည်း ကိုဗစ်-၁၉ ဆေးစစ်မှုများ ပြုလုပ်ခဲ့ပြီး နေ့စဉ်ကူးစက်မှု ၃၀၀၀၀ အောက် လျော့ကျလာသည်ကို တွေ့ရသည်။ တစ်တိုင်းပြည်လုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်မှုမှာ ၅ ဒသမ ၅၉ သန်းရှိသည်။ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရသူ အရေအတွက်နှင့် စိုးရိမ်ရသည့် လူနာဦးရေမှာလည်း ဧပြီ ၃၀ ရက်တွင် သုံးရက်ဆက်တိုက်ကျဆင်းလာပြီဟု သိရသည်။ ယခုနှစ်တွင် ကပ်ရောဂါပြီးဆုံးတော့မည်လားဟု ပြင်သစ်သမ္မတကို မေးမြန်းရာတွင် ထိန်းချုပ်မရနိုင်သည့် ဗီဇပြောင်း ကူးစက်မှုမရှိပါက ဖြစ်နိုင်သည်ဟု ပြန်လည်ဖြေကြားခဲ့သည်။ ကျန်းမာရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းရသည့် ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာလည်း ဝန်ပိမှုလျော့နည်းလာသည်ဟု သိရသည်။ နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေးထိုးခြင်းဖြင့် ဗိုင်းရပ်စ်နှင့် နှစ်အတန်ကြာ အတူယှဉ်တွဲ နေထိုင်ရသည်မှာလည်း ဖြစ်နိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ယမန်နှစ်က ပါရီမြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် ဆိုင်ထိုင်စားသုံးနေကြသူများကို တွေ့ရစဉ်။

## အရှိန်အဟုန်ဖြင့် ကာကွယ်ဆေးထိုးပေးရန်လို

ပြင်သစ်နိုင်ငံတွင် လူပေါင်း ၁၅ ဒသမ ၂ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှု ခံယူပြီးပြီဖြစ်သည်။ ယင်းပမာဏမှာ အရွယ်ရောက်ပြီးသူ ၂၉ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ လူဦးရေ ၆ ဒသမ ၂၅ သန်းမှာမူ ၎င်းတို့၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ပြီးဆုံးသွားပြီဟု ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ယခုဆက်လက်တိုက်ပွဲဝင်ရမည်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြန်နိုင်သမျှ မြန်မြန်ထိုးပေးနိုင်ရေးပင်ဖြစ်ကြောင်း၊ ပြည်သူလူထုကြားထဲတွင် ကိုယ်ခံအားတည်ဆောက်နိုင်သည်အထိ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးရန် လိုအပ်သည်ဟု သမ္မတ မက်ခရွန်က ဆက်လက်ပြောကြားခဲ့သည်။

## သတင်းကောင်းတစ်ခုကြားရပြီ

ကန့်သတ်ပိတ်ဆို့ထားမှုများ ဖယ်ရှားပေးရေး အစီအစဉ်အရ ပွဲလမ်းသဘင်ကျင်းပသည့်လုပ်ငန်းများအတွက် မျှော်လင့်ချက်များ သယ်ဆောင်ပေးမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများသည် လနှင့်ချီထုတ်ပြန်ထားသည့် ညဘက်သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရအမိန့်ကြောင့် စီးပွားရေးတွင် ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့နေရသည်။ နောက်ဆုံးတွင် သတင်းကောင်းတစ်ခုကြားရပြီဟု စားသောက်ဆိုင်များအသင်းမှ အဖွဲ့ခေါင်းဆောင် အလန်းဖောင်တိန်က ပြောသည်။ အိပ်မက်ဆိုးနှင့်ကျော်ဖြတ်ရသည့်ညများ အဆုံးသတ်တော့မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြင်သစ်နိုင်ငံတွင် အောက်တိုဘာလကုန်ပိုင်းမှစတင်ကာ စားသောက်ဆိုင်နှင့် ဘားများကို ဖိအားပေးပိတ်စေခဲ့ပြီး လနှင့်ချီ ကြာမြင့်သည့် ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်ခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုများ မြင့်မားလာသဖြင့် ဒီဇင်ဘာလအတွင်းကလည်း ပြန်လည်ဖွင့်လှစ်ခွင့် မပေးနိုင်ခဲ့ချေ။

## ဘေးအန္တရာယ်ကြီးဖြစ်သွားနိုင်

တဖြည်းဖြည်းချင်း ပြန်ဖွင့်ခွင့်ပေးမည့်အစီအစဉ်မှာ ကျိုးကြောင်းညီညွတ်ပြီး စိတ်ကျေနပ်ဖွယ်ရှိသည်ဟု အန်တွိုင်ဘီကလီယားဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။ ယခုလိုပြုလုပ်ခြင်းမှာ မှန်ကန်သည့် လုပ်ရပ်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ရောဂါဗေဒပညာရှင်တစ်ဦးဖြစ်သူ ကတ်သရင်းဟေးလ်ကတော့ ယင်းကိစ္စနှင့် ပတ်သက်ပြီး အကောင်းမြင်စိတ်နည်းပါးသည်။ ကန့်သတ်ချက်များ ဖြေလျှော့လိုက်ခြင်းဖြင့် ကူးစက်မှုများ ပြန်လည်မြင့်တက်လာမည်ကို စိုးရိမ်နေသည်။ နိုင်ငံရေးသမားတစ်ဦးအနေဖြင့်ကြည့်လျှင် ယခုလို ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်း အစီအစဉ်မှာ ပြီးပြည့်စုံသည့် လုပ်ငန်းစဉ်ဖြစ်သော်လည်း လက်တွေ့တွင်မူ ဘေးအန္တရာယ်ကြီးဖြစ်သွားနိုင်သည်ဟု ၎င်းက ဆက်ပြောသည်။

## အဆိုးဆုံးအခြေအနေနှင့် ထပ်မံရင်ဆိုင်ရမည်ကို စိုးရိမ်

နောက်ထပ် အဆိုးဆုံးအခြေအနေများနှင့် ထပ်မံရင်ဆိုင်ရမည်ကို စိုးရိမ်မိကြောင်းနှင့် ရောဂါကူးစက်မှုနှုန်းကို လျော့ကျအောင် ပြုလုပ်ရန် လိုအပ်ကြောင်း၊ ရောဂါလက္ခဏာမပြမီ ကူးစက်ခံထားရသူများကို သီးခြားခွဲထားရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ။

ကိုးကား - ဆင်ဟွာ

> ဖြေလျှော့မှုများကို နိုင်ငံနှင့်တစ်ဝန်း အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်သည်။ သို့သော်လည်း ကူးစက်မှုအန္တရာယ် မြင့်မားသည့်နေရာများကိုမူ ဆက်လက်တင်းကျပ်သွားမည်ဟု ပြင်သစ် သမ္မတက ပြောကြား

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၈၃၈ ဦးရှိ

### (၂–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၉,၄၂၇) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၃၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၈၁) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၂-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၁၄၇၀၀၇ | ၂၅၇၇၇၉၂၇ | ၅၉၀၇၂၁ |
| ၂။ | အိန္ဒိယ | ၁၉၅၅၇၄၅၇ | ၁၅၉၉၂၂၇၁ | ၂၁၅၅၄၂ |
| ၃။ | ဘရာဇီး | ၁၄၇၂၅၉၇၅ | ၁၃၂၄၂၆၆၅ | ၄၀၆၅၆၅ |
| ၄။ | ပြင်သစ် | ၅၆၄၂၃၅၉ | ၄၅၉၀၃၇၆ | ၁၀၄၇၀၆ |
| ၅။ | တူရကီ | ၄၈၄၉၄၀၈ | ၄၄၀၅၁၉၉ | ၄၀၅၀၄ |
| ၆။ | ရုရှား | ၄၈၂၃၂၅၅ | ၄၄၄၃၉၂၂ | ၁၁၀၈၆၂ |
| ၇။ | ဗြိတိန် | ၄၄၁၈၅၃၀ | ၄၂၁၈၁၇၂ | ၁၂၇၅၂၄ |
| ၈။ | အီတလီ | ၄၀၃၅၆၁၇ | ၃၄၈၄၀၄၂ | ၁၂၁၀၃၃ |
| ၉။ | စပိန် | ၃၅၂၄၀၇၇ | ၃၂၀၆၂၇၃ | ၇၈၂၁၆ |
| ၁၀။ | ဂျာမနီ | ၃၄၁၂၃၇၃ | ၃၀၂၄၆၀၀ | ၈၃၇၀၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၇၇၂၇၄ | ၁၅၃၀၇၁၈ | ၄၅၇၉၆ |
| ဖိလစ်ပိုင် | ၁၀၅၄၉၈၃ | ၉၆၆၀၈၀ | ၁၇၄၃၁ |
| မလေးရှား | ၄၁၅၀၁၂ | ၃၈၃၁၄၀ | ၁၅၃၃ |
| မြန်မာ | ၁၄၂၈၃၈ | ၁၃၁၉၈၁ | ၃၂၀၉ |
| ထိုင်း | ၆၈၉၈၄ | ၃၉၄၈၁ | ၂၄၅ |
| စင်ကာပူ | ၆၁၂၁၈ | ၆၀၇၆၅ | ၃၁ |
| ကမ္ဘောဒီးယား | ၁၄၅၂၀ | ၅၃၆၉ | ၁၀၃ |
| ဗီယက်နမ် | ၂၉၄၂ | ၂၅၄၉ | ၃၅ |
| လာအို | ၉၃၃ | ၅၁ | ၀ |
| ဘရူနိုင်း | ၂၂၇ | ၂၁၈ | ၃ |

## (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၂**

၂၀၂၁ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ စကြာသီဟဘုရားအား ရေသပ္ပာယ်ခြင်း၊ စေတီရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား သန့်ရှင်းရေးပြုလုပ်ခြင်းများကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ဆောင်ရွက်သည်။

အဆိုပါ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ သန္နေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုစည်းကမ်း ထိန်းသိမ်းရေး ကော်မတီဝင်များဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မန်း (ကိုယ်ပွား)**



## ကျောက်တော်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**ကျောက်တော် မေ ၂**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်အတွင်း ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးလုပ်ငန်းခွဲများအနက် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၁၀ ဒသမ ၀ သန်း၊ ကျေးရွာထည့်ဝင် ငွေကျပ် ၃ ဒသမ ၀ သန်း စုစုပေါင်း ငွေကျပ် ၁၃ ဒသမ ၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျောက်တော် မြို့နယ် ကျေးလက်ဦးစီးမှူး ဦးအောင်ခိုင်ဇော် (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် တာဝန်ရှိသူများသည် ဧပြီလ နောက်ဆုံးပတ်က ကွင်းဆင်းသွားရောက်၍ ကော်မတီဝင်များအား လုပ်ငန်းအရည်အသွေး ပြည့်မီစေရေး၊ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **အောင်လှဖြူ**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးမြတ်အောင်လင်း | ကျောင်းအုပ်၊အမက(မူလွန်)၊ ပေါင်းလောင်းတိန်ကျေးရွာ၊ တောင်ငူမြို့နယ်။ | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဦးမြင့်ဟန် | ကျောင်းအုပ်၊ အမက(၁၈၄)၊ ကမ္မမြို့။ | ကမ္မမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဦးတင်ဦး | ကျောင်းအုပ်၊ အမက၊ ရှမ်းစုကျေးရွာ၊ တွံတေးမြို့နယ်။ | တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဦးနေနိုင်ထွန်း(ခ) ကိုဇော် | ကျောင်းအုပ်၊ အမက(ပျဉ်းကိုးပင်)၊ ငါးသိုင်းချောင်းမြို့။ | ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဦးတင်ထွန်းအောင် | ကျောင်းအုပ်၊ အမက(မိဿလင်)၊ ရေကြည်မြို့နယ်။ | ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဦးစောနေမျိုးထွန်း | ကျောင်းအုပ်၊ အမက(ဘုရားကြီး)၊ ကျုံပျော်မြို့နယ်။ | ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဦးသူရစိုး | ကျောင်းအုပ်၊ အမက၊ သဲဖြူကျေးရွာ၊ လပွတ္တာမြို့နယ်။ | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဦးရဲဝင်းနိုင်(ခ) ရဲမင်းနိုင် | ကျောင်းအုပ်၊ အမက၊ ဉာဏ်ကွင်းကျေးရွာ၊ လပွတ္တာမြို့နယ်။ | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဦးအောင်ကျော်ဇော် | ကျောင်းအုပ်၊ အမက၊ ပိတောက်ကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်။ | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဦးခင်စိုး | ကျောင်းအုပ်၊ အမက၊ တောင်အင်းရွာသစ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်။ | ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |




ဦးမြင့်ဟန် (ကျောင်းအုပ်၊ အမက-၁၈၄၊ ကမ္မမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဦးတင်ဦး (ကျောင်းအုပ်၊ အမက၊ ရှမ်းစုကျေးရွာ၊ တွံတေးမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးနေနိုင်ထွန်း(ခ)ကိုဇော် (ကျောင်းအုပ်၊ အမက-ပျဉ်းကိုးပင်၊ ငါးသိုင်းချောင်းမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးတင်ထွန်းအောင်(ကျောင်းအုပ်၊ အမက-မိဿလင်၊ ရေကြည်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးမြတ်အောင်လင်း (ကျောင်းအုပ်၊ အမက-မူလွန်၊ ပေါင်းလောင်းတိန်ကျေးရွာ၊ တောင်ငူမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

စာမျက်နှာ ၁၇ သို့

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးစက်မှုဇုန်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပဲခူးစက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးမြို့ ညောင်အင်းလမ်းထိပ်၊ ရပ်ကွက်ကြီး (၅) ရှိ ဥဿာကျော်ဟိုတယ်၌ ပြုလုပ်သည်။** (အောက်ပုံ)



ဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီမှ တာဝန် ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၊ စီးပွားရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တက်ရောက်လာကြသော စက်မှုဇုန်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုန်သွယ်မှုဆိုင်ရာ ကိစ္စများ၊ လုပ်ခလစာငွေထုတ်ယူရရှိရေး ကိစ္စရပ်များ၊ စက်ရုံများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ ဝယ်ယူနိုင်ရန် ငွေသားထုတ်ယူနိုင်ရေး ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသော ကိစ္စရပ်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြသည်။

စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်းကောင်း၊ လုပ်ခလစာထုတ်ယူ ရရှိနိုင်ရေးနှင့် ကုန်ကြမ်းပစ္စည်းဝယ်ယူနိုင်ရန် ငွေသားထုတ်ယူရရှိနိုင်ရေး ကိစ္စရပ်များအပေါ် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်း ကော်မတီ၊ ဘဏ်လုပ်ငန်းဆိုင်ရာ OSS Bank အဖွဲ့နှင့် စက်မှုဇုန် OSS အဖွဲ့တို့က ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

**နိဂုံးချုပ် အမှာစကားပြောကြား**

ထို့နောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

စက်မှုဇုန်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်ပါက လုပ်ငန်းကော်မတီ တယ်လီဖုန်းအမှတ် ၀၉-၆၆၄၀-၇၅၆၈၃၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆၊ ၀၉-၆၆၄၅၉၆၃၂၇ များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘဏ်နှင့် မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း ပုံမှန်အတိုင်းလည်ပတ်လျက်ရှိ

နေပြည်တော် မေ ၂

Mobile Internet ယာယီပြတ်တောက်နေစဉ် ကာလအတွင်း ဘဏ်နှင့် မိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ Internet အသုံးပြု၍ ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာ System များ၊ Application များကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့ရာ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ အင်းဝဘဏ်၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်၊ ယူအေဘီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့မှ Mobile Banking ၊ Internet Banking ၊ Mobile top-up ၊ Other Cards top-up ၊ Bill payment များ၊ Visa Master Credit Card Payment ၊ MPU Cards ၊ All ATMs ၊ Bank Pay များမှ Account to Account Transfer ၊ Wallet to Wallet ၊ Bank to Wallwt ၊ Wallet to Bank ၊ CBM Net ၏ CCT Function စသည့် ဝန်ဆောင်မှုများကို အများပြည်သူများအတွက် ဧပြီ ၂၈ ရက်မှစ၍ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ ဘဏ်လုပ်ငန်းများ၊ မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်အတိုင်း လည်ပတ်စီးဆင်းလျက်ရှိကြောင်းနှင့် ဈေးဝယ်စင်တာများ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များနှင့် အခြားငွေပေးချေရေးလုပ်ငန်းများ၌လည်း MPU Cards ၊ Visa Master Credit Card Payment စသည့် Cards များ အသုံးပြု၍ ဈေးရောင်းဈေးဝယ် လုပ်ငန်းများနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် အခြားလုပ်ငန်းများ၌ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စာမျက်နှာ ၁၆ မှ




ဦးစောနေမျိုးထွန်း(ကျောင်းအုပ်၊ အမက-ဘုရားကြီး၊ ကျုံပျော်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဦးရဲဝင်းနိုင်(ခ)ရဲမင်းနိုင်(ကျောင်းအုပ်၊ အမက၊ ဉာဏ်ကွင်းကျေးရွာ၊ လပွတ္တာမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးခင်စိုး(ကျောင်းအုပ်၊ အမက၊ တောင်အင်းရွာသစ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးသူရစိုး(ကျောင်းအုပ်၊ အမက၊ သဲဖြူကျေးရွာ၊ လပွတ္တာမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးအောင်ကျော်ဇော်(ကျောင်းအုပ်၊ အမက၊ ပိတောက်ကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် သစ်စိမ့်ကုန်းကျေးရွာနေ အိုက်ဆာ(၄၈နှစ်) (ဘ)ဦးစောနှင့် ထွန်းထွန်း (ဘ)ဦးရွှဲမောင်တို့အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံတက္ကသိုလ်ကျောင်းဝင်းလိုင်းခန်းနေ ရဲကိုကို(ဘ) ဦးခင်မောင်စိုးအား လည်းကောင်း၊ ည ၁၀ နာရီခန့်တွင် အင်းစိန်မြို့နယ် ရွာမ(အနောက်)ရပ်ကွက် ဖန်စက်လမ်း မုဒိတာအိမ်ရာ(၂) အခန်း/အေ(၉၀၈)၌ လက်လုပ်ဗုံး ၁၁ လုံး၊ အသံဗုံး ၃၈ လုံး၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ကျောက်မြောင်းလမ်းရှိ အမှတ်(၁၀၁/ဖ)လွှာရှိ နေအိမ်၌ မစိုးရတနာကိုကို(ဘ) ဦးအောင်ကို၊ ဟန်စစ်(ခ) သားငယ်(ဘ)ဦးအောင်သူ၊ စိုးမင်းသန့်(ဘ) ဦးမျိုးမြင့်နှင့် စစ်သွေးခိုင်(ခ) ဂျူတို(ဘ)ဦးစောပိုင်တို့အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁)နေ အောင်မျိုးလှိုင် (ခ)အဂူး (ဘ)ဦးကျော်စိုးလှိုင်အား လက်လုပ်သေနတ် သုံးလက်နှင့် ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာ အမှတ်(၁)ရပ်ကွက်ရှိ အိုက်ပီး(ဘ)ဦးလောလွန်နှင့်အေးမောင်(ဘ)ဦးသိန်းမြင့်တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြား၊ ကျည်ကာအင်္ကျီများ၊ ယမ်းမှုန့်များနှင့် လည်းကောင်း၊ အမှတ်(ဖ) ရပ်ကွက်ရှိ စိန်ငွေး(ဘ)ဦးကျော်ဖြူအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်ရှိ မျိုးမင်းထွန်း(ဘ)ဦးကံချွန်အား လက်လုပ်သေနတ် နှစ်လက်နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။





ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဆူပူအကြမ်းဖက်ဆန္ဒပြရာတွင်ပါဝင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိစဉ်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများက အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် မေ ၂

**နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၁ ရက် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မွန်ပြည်နယ် သထုံမြို့နယ် နန်းခဲရပ်ကွက် ရုံးကြီးလမ်း၌ မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လမ်းမကြီးပေါ်မှ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးသုံးဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် သထုံမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။





သထုံမြို့၌ ချိန်ကိုက်မိုင်း တစ်လုံးပေါက်ကွဲမှုဖြစ်ပွားသည်ကို တွေ့ရစဉ်။

အလားတူ ညနေ ၄ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက် နှင်းဆီလမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ ဦးဖိုးတူ(၆၁နှစ်)(ဘ)ဦးချစ်ဦး၏ နေအိမ်ခြံဝင်းကို လည်းကောင်း၊ ည ၇ နာရီ မိနစ် ၂၀ တွင် ပြည်ကြီးတံခွန်မြို့နယ် ထိန်းကုန်းရပ်ကွက်ရှိ ဦးအောင်ဆန်းဝင်း၏ နေအိမ်ကို လည်းကောင်း၊ ည ၈ နာရီ ၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ပရိဘောဂရပ်ရှိ နယ်မြေခံတပ်ကို လည်းကောင်း၊ မေ ၂ ရက် နံနက် ၅ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ အမှတ်(၂)ရပ်ကွက်နေ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးလွင်၏နေအိမ်ကို လည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် မြန်မာ့အာမခံလုပ်ငန်း၊ တိုင်းဦးစီးမှူးရုံးကို လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ပေါ် ရပ်ကွက်များ၌ လည်းကောင်း၊ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံး၌ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် အမှတ်(၃)ရပ်ကွက်ရှိ "မွန်းရှိုင်း" တည်းခိုခန်းရှေ့ လမ်းပေါ်၌လည်းကောင်း၊ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် အမှတ်(၅)ရပ်ကွက် မင်းရပ်တောင်ဘုန်းကြီးကျောင်းအနီး၌လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အမှတ်(၁)ရပ်ကွက် "သိင်္ဂီ" ဆန်စက်အနီး၌ လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မွန်ပြည်နယ် သထုံမြို့နယ် ဘင်လှိုင်ရပ်ကွက် ပရိုကိုးဆန်စက်လမ်းနေ ဒေါ်ဝင်းသူဇာ(ခ)သူဇာ (၃၄)နှစ် (ဘ) ဦးဒုတ်၏ နေအိမ်ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးနှင့် အင်းစိန်မြို့နယ် ကြို့ကုန်း အနောက်ရပ်ကွက်ရှိ ဆေးဝါးစက်ရုံ၊ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ စည်ပင်သာယာရုံးကို လည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၉)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးကို လည်းကောင်း ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ အသံမိုင်းများဖြင့် လာရောက် ပစ်ခတ်ဖောက်ခွဲခဲ့ရာ နေအိမ်၊ ရုံးအဆောက်အအုံများ အနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

တရားမဝင် အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG အဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားအောင် ဆောင်ရွက်လျက် ရှိသဖြင့် အပြစ်မဲ့ ပြည်သူများအနေဖြင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသူများအား ပြည်သူများနှင့်အတူ ပူးပေါင်း၍ ဖမ်းဆီးရမိရေးနှင့် တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် နေအိမ်တို့ကို အကြမ်းဖက်သူများက မီးပုလင်းဖြင့်ပစ်ပေါက်

**နေပြည်တော် မေ ၂**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် နေအိမ်တို့ကို ယနေ့တွင် အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေလ ၂ ရက်နေ့ နံနက် ၃ နာရီ မိနစ် ၅၀ က ကျည်တောင်ကန်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါမီးပုလင်းမှာ ကျောင်းအုပ်ကြီး ရုံးခန်းအရှေ့ဘက်ရှိ ကျောင်းကားများထားသည့် ဂိုဒေါင်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းစောင့်ဖြစ်သူ ဦးအောင်သူဝင်းက မီးငြိမ်းသတ်ခဲ့ကြောင်းနှင့် လူနှင့်ပစ္စည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၃ နာရီ ၅၅ မိနစ်တွင် ကျည်တောင်ကန်(၁)ရပ်ကွက်ရှိ ဦးဇော်မင်းထွန်း(၂၇ နှစ်)(ဘ)ဦးစိုးသန်း၏ နေအိမ်သို့ မီးပုလင်းဖြင့် ပစ်ပေါက်ခံရကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဆိုင်ကယ်စီးလာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)က ဦးဇော်မင်းထွန်း၏ "မင်း" အီလက်ထရောနစ်ပြုပြင်ရေးဆိုင်ကို မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ ဆိုင်ရှေ့ကွပ်ပျစ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကွပ်ပျစ်ပေါ်ရှိ ဂွမ်းစောင်တစ်ထည်မှာ မီးလောင်ခဲ့သဖြင့် ဦးဇော်မင်းထွန်းက မီးငြိမ်းသတ်ခဲ့ရကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မီးပုလင်းဖြင့် ပစ်ပေါက်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ် ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ် ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ အား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၅ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၈၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၈၅၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀ | ကျပ် | ၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၅ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၆၀ | ကျပ် | ၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀ | ကျပ် | ၁၀၁၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၀ | ၄၅၀၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၄၅၅ | ၁၅၀၉၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၆၆ | ၅၂၈၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀ | ၂၆၆၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၅ | ၁၅၂၅၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန် စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

(၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုသို့ ရောက်ခဲ့ပြီဖြစ်သော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

*တင်ဝင်းလေး (ကြည့်မြင်တိုင်)*

**မေလ ၅ ရက်နေ့သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၇၅) နှစ်ပြည့်မြောက်သောနေ့၊ တစ်နည်းဆိုရသော် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏"စိန်ရတုနှစ်" ဟု ဆိုရမည်ဖြစ်သည်။ (၇၅) နှစ်ဆိုသော ကာလကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကြီး ကျင်းပခဲ့သော ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့မှ စတင်သတ်မှတ်ခဲ့သောကြောင့် ဖြစ်သည်။**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းလာခဲ့သည်မှာ ထို့ထက်များစွာ စောခဲ့သည်။ သမိုင်းကြောင်းအရ ခရစ်နှစ် ၁၀၄၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၄၀၆ ခုနှစ် ပုဂံထီးနန်းကို တည်ထောင်ခဲ့သော အနော်ရထာမင်းလက်ထက်ကဟု သိရသည့်အတွက် နှစ်ပေါင်း ၁၀၀၀ နီးပါးရှိခဲ့ပြီဟု ဆိုနိုင်ပေသည်။

ရှေးကနဦး မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်မှာ မီးလောင်လျှင် မီးငြိမ်းသတ်ရေးတစ်ခုတည်းကိုသာ အဓိကထား ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ အပါအဝင် ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်။ ပြောင်းလဲခြင်းဟု ဆိုရာဝယ် အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ဖြစ်ပေါ်နေသည်ကို တွေ့မြင်ကြရပေမည်။

### သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ကြုံတွေ့

လူတို့၏ အတ္တ လောဘဇောများကြောင့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူကြခြင်း၊ များပြားလှသော စက်ရုံအလုပ်ရုံများနှင့် နေ့စဉ်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်များ လေထဲတွင် ပျံ့လွင့်နေခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွင် ကမ္ဘာကြီးပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ရေခဲတောင်များ ပြိုကျခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်၍ရေရှားခြင်း၊ လျှပ်စစ်မိုးကြိုးများပစ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့နိုင်ငံများအနေဖြင့် နှစ်စဉ် ကြုံတွေ့လာနေကြရပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်ဆိုးကျိုးများကို နှစ်စဉ် မဟုတ်သည့်တိုင် နှစ်ခြား၍ ခံစားလာရသော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံနှင့်ထိစပ်လျက်ရှိသော ပင်လယ်ပြင်များမှတစ်ဆင့် ဖြတ်ကျော်လာသော မိုးကြိုမုန်တိုင်းနှင့် မုန်တိုင်းများ၊ တောင်တန်းများပေါ်မှ အထိန်း



ရန်ကုန်မြို့ လသာမြို့နယ် လမ်းမတော်လမ်းရှိ သံဈေး၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်မှုကို တွေ့ရစဉ်။ (၂၀-၂-၂၀၂၀)

အကျောင်းမရှိ တစ်ရှိန်ထိုးကျဆင်းလာသော မိုးရေတို့ကြောင့် မြစ်ချောင်းများ၌ ရေကြီးရေလျှံခြင်း၊ ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေသည့်အတွက် ငလျင်များ မကြာခဏဖြစ်ပေါ်၍ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။

### ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ဤသို့ ဖြစ်စဉ်ဖြစ်ရပ်များကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ရှေးယခင်ကာလများကဲ့သို့ မီးငြိမ်းသတ်ရေးတစ်ခုတည်းအတွက်သာ ဆောင်ရွက်ကြရခြင်း မဟုတ်ဘဲ ခေတ်အလိုက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှု၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတို့ဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် အစဉ်အဆက် ဆောင်ရွက်လာခဲ့ကြသည်။

အဆိုပါ သမိုင်းပေးတာဝန်ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံအင်အားကို လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းခန့်ထားခဲ့ရာ အင်အား ၁၄၃၀၈ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ပြီး မီးသတ်လုပ်ငန်းများတွင် ပိုမိုအထောက်အကူဖြစ်စေရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၈၆၅၄ ဦးအထိ စည်းရုံးဖွဲ့စည်းနိုင်ခဲ့၍ စက်ရုံအလုပ်ရုံများအတွက် သီးသန့်တပ်ဖွဲ့ဝင် ၁၈၉၁၉ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီဟု သိရသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက လျင်မြန်ထိရောက်စွာ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် တစ်မြို့နယ်လျှင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦးစီ ပါဝင်သော တပ်ဖွဲ့ ၃၃၃ စုကို ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် တပ်ဖွဲ့ဝင် ၁၁၆ ဦးစီပါဝင်သော ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ ၁၇ ခုကိုပါ အသင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိနေသည်။

ထို့ထက် ပိုမိုထိရောက် လျင်မြန်စွာ ကယ်ဆယ်ကူညီနိုင်ရေးအတွက် ရေပြင်၊ မြေပြင် ရှာဖွေရေးတပ်ဖွဲ့များအဖြစ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်မီးသတ်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့တွင် အထူးတပ်ဖွဲ့သုံးဖွဲ့ကိုပါ ဖွဲ့စည်းထားရှိသည်။

### မြန်မြန်သိ၊ မြန်မြန်သွား

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်စိန်ခေါ်မှုများအပေါ် မြန်မြန်နှင့် မှန်ကန် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ မီးသတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံအင်အား Men Power ရရှိစေရေးအတွက် စနစ်တကျ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တပ်ဖွဲ့ဝင်များကို ဌာနတွင်းနှင့် ဌာနပြင်ပသင်တန်းများ တက်ရောက်စေပြီး ဌာနတွင်း သင်တန်းများ၌ ဥရောပ၊ အာရှတို့မှ ပညာရှင်နည်းပြများကို ဖိတ်ခေါ်၍ ပညာရယူစေသည့်အပြင် အခြားပြည်ပနိုင်ငံများသို့ စေလွှတ်၍ သင်ယူစေခြင်းတို့ကြောင့် မီးသတ်တပ်ဖွဲ့၏ Technology Power များ ပိုမိုပြည့်ဝစေခဲ့သည်။ Equipment Power ပြည့်နေစေရေးအတွက် မီးသတ်စခန်းများအလိုက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စသော ယာဉ်ကြီးများကိုပါ အသင့်ဖြည့်ဆည်းထားရှိပြီး ဖြစ်သည်ကိုလည်း တွေ့မြင်နေရသည်။ သို့အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များမှာ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ပြည်သူများအပေါ် မကျရောက်နိုင်စေရေးအတွက် ကြိုတင်ကာကွယ်ရေး(ဟောပြော၊ လေ့ကျင့်၊ ဇာတ်တိုက်) ပညာပေးဆောင်ရွက်နေသကဲ့သို့ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မြန်မြန်သိ၊ မြန်မြန်သွား၍ လျင်မြန်စွာ ကူညီကယ်ဆယ်နိုင်ရေးအတွက် ကြိုတင်စုဖွဲ့လေ့ကျင့်မှုများကို အမြဲလေ့ကျင့်၊ အမြဲစစ်ဆေးသတိပေးလျက် ၂၄ နာရီကာလပတ်လုံး တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များ ဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်တို့သည် နဂိုကတည်းက ပရဟိတ အခြေခံစိတ်ရှိသူများဖြစ်သည့်အပြင် ဝါသနာ၊ စေတနာ၊ အနစ်နာ ခံနိုင်ခြင်းတို့ပါ ဖြည့်စွက်လျက် အများအကျိုးကို သယ်ပိုးဆောင်ရွက်နေသူများသာ ဖြစ်သည်။ ထိုသူများအပေါ် ဌာနအနေဖြင့် တစ်ဦးချင်း၏ အရည်အသွေး ပိုမိုတောက်ပြောင်လာစေရန် ခေတ်နှင့်အညီ တိုးတက်လာသော နည်းပညာများ သိရှိနိုင်စေရန်နှင့် အဆင့်မြင့် မီးငြိမ်းသတ်ရေးယာဉ်ကြီးများမှအစ ရှာဖွေကယ်ဆယ်ရေးယာဉ်ကြီးများအလယ်၊ စက်ကိရိယာများအဆုံး အစဉ်မပြတ် ဖြည့်ဆည်းပေးနိုင်မှု၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတို့တွင် လျင်လျင်မြန်မြန် ထိထိရောက်ရောက် စွမ်းဆောင်နိုင်မှုတို့ကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးလာသည်ကို ယနေ့ပစ္စုပ္ပန်မျက်မှောက်၌ လက်တွေ့ဖြစ်ရပ်များနှင့်ယှဉ်၍ သာဓကပြုဆိုနိုင်ပေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် ပြည့်မြောက်သော စိန်ရတုမှသည် နောင်နှစ်ပေါင်းမြောက်မြားစွာ မြန်မာပြည်သူအများ၏ အသက်အိုးအိမ် စည်းစိမ်ချမ်းသာကို စောင့်ရှောက်ကာကွယ်နိုင်သော တပ်ဖွဲ့ကြီးအဖြစ် အစွန့်ရှည်တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်... ။ ။

❖ **မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်စိန်ခေါ်မှုများအပေါ် မြန်မြန်နှင့် မှန်ကန် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ မီးသတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံအင်အား Men Power ရရှိစေရေးအတွက် စနစ်တကျ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တပ်ဖွဲ့ဝင်များကို ဌာနတွင်းနှင့် ဌာနပြင်ပသင်တန်းများ တက်ရောက်စေပြီး ဌာနတွင်းသင်တန်းများ၌ ဥရောပ၊ အာရှတို့မှ ပညာရှင်နည်းပြများကို ဖိတ်ခေါ်၍ ပညာရယူစေသည့်အပြင် အခြားပြည်ပနိုင်ငံများသို့ စေလွှတ်၍ သင်ယူစေခြင်းတို့ကြောင့် မီးသတ်တပ်ဖွဲ့၏ Technology Power များ ပိုမိုပြည့်ဝစေခဲ့သည်။ Equipment Power ပြည့်နေစေရေးအတွက် မီးသတ်စခန်းများအလိုက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစသော ယာဉ်ကြီးများကိုပါ အသင့်ဖြည့်ဆည်းထားရှိပြီးဖြစ်သည်ကိုလည်း တွေ့မြင်နေ**

# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
# ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ပဲခူး မေ ၂**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၂၉ ရက်က ပြည်ခရိုင် ရွှေတောင်မြို့နယ် ညောင်ဝိုင်းကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းစပါးမျိုးစေ့ထုတ်ဧက (၁၀၀)စံပြစိုက်ကွက်အား ကွင်းဆင်းကြည့်ရှုပြီး တောင်သူဦးအေးလွင်၏ လျှော်ဖြူစိုက်ခင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို သွားရောက်ကြည့်ရှုရာ စိုက်ပျိုးရေးအပြင် မွေးမြူရေးပါ တွဲဖက်ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံတောင်သူများအား ဟင်းသီးဟင်းရွက် ၁၀ မျိုးပါ မျိုးစေ့ထုပ်များ အခမဲ့ဖြန့်ဝေပေးသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရှိမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ သွားရောက်ပြီး စခန်းတာဝန်ခံ ဒေါ်မိုးသီတာက ငါးသားပေါက် မွေးမြူထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြရာ၊ ဒေသမျိုးရင်းငါးနှင့် ဈေးကွက်တွက်ခြေကိုက် ငါးမျိုးများ ဖြန့်ဝေပေးနိုင်ရေး မှာကြားကာ ငါးတန်၊ ငါးမုတ်၊ တောင်ပေါ်ငါးသလောက်၊ ငါးခုံးမနှင့် တီလားပီးယားငါးသားပေါက် ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မင်းလှမြို့နယ် တာကလေးကျေးရွာရှိ ချမ်းမြေ့မေစပါးမျိုးနှမ်းစပါးစံကွက်ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အချိန်မီရိတ်သိမ်းနိုင်ရေးနှင့် လေလွင့်မှုအနည်းဆုံးဖြစ်စေရေးတို့ကို မှာကြားကာ တက်ရောက်လာသည့် ဒေသခံတောင်သူများအား ဟင်းသီးဟင်းရွက် ၁၀ မျိုးပါ မျိုးစေ့ထုပ်များ အခမဲ့ ဖြန့်ဝေပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် သာယာဝတီမြို့နယ်ရှိ ဝေယံမိုးအဆင့်မြင့်ဆန်စက်(၂)သို့ သွားရောက်ပြီး ဆန်စက်လုပ်ငန်းရှင် ဦးလှဦးက ဆန်စက်လုပ်ငန်းလည်ပတ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးနိုင်ပြီဖြစ်၍ ဆန်စက်များလည်း အဆင့်မြင့်ရန် လိုအပ်ကြောင်း၊ သို့မှသာ အရည်အသွေးပြည့်မီသည့် ဆန်များရရှိလာနိုင်ပြီး နိုင်ငံတကာတွင်လည်း ခိုင်မာသည့် ဈေးကွက်တစ်ခုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ဆန်စက်အတွင်း ချမ်းမြေ့မေမျိုး ရက်(၉၀) စပါးကြိတ်ခွဲနေမှုကို ကြည့်ရှုကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ ဝေယံမိုးအဆင့်မြင့်ဆန်စက်(၂) တွင် ကြိတ်ခွဲလျက်ရှိသော ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
# မြစ်ကြီးနားမြို့နယ် နေရပ်စွန့်ခွာသူများအတွက် ဆန်အိတ်များ ထောက်ပံ့

**မြစ်ကြီးနား မေ ၂**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန် သည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စုအတွင်းရှိ တြီနီတီနှစ်ခြင်း အသင်းတော် IDPs Camp နှင့် စိန့်ဂျိုးဇက် IDPs Camp များသို့ သွားရောက်၍ နေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့ငွေနှင့် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ကြသည်။

### ပညာသင်ကြားခွင့်ရရေး

မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု တြီနီတီနှစ်ခြင်းအသင်းတော် IDPs စခန်း၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စခန်းအတွင်းရှိ နေရပ်စွန့်ခွာသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး မိမိတို့ စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေပြီး နေရပ်စွန့်ခွာသူများ၏ နေထိုင်စားသောက်မှုအဆင်ပြေစေရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ယခုလို ကာလတွင် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ထောက်ပံ့ပေးအပ်ရခြင်းသည် နေရပ်စွန့်ခွာသူများနှင့်အတူ ရပ်တည်နေသည်ကို သိရှိစေလိုကြောင်း၊ ထို့အပြင် အခြေခံပညာ ကျောင်းများ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သောကြောင့် မိမိတို့ ကလေးများကို ကျောင်းအပ်နှံရေးနှင့် ပညာသင်ကြားခွင့်ရရေးကို အလေးထားဆောင်ရွက်ကြစေ လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးကိုလည်း ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

### ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စခန်းအတွင်းရှိ အိမ်ထောင်စု ၁၉၈ စု၊ လူဦးရေ ၉၇၀ တို့အတွက် ထောက်ပံ့ငွေကျပ် ၁၉၈ သိန်းနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဆန်အိတ် ၁၀၃ အိတ်တို့ကို ထောက်ပံ့ပေးအပ်ကြရာ နေရပ်စွန့်ခွာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

### တွေ့ဆုံအားပေး

ထို့နောက် ပလနကျေးရွာအတွင်းရှိ စိန့်ဂျိုးဇက် IDPs စခန်းသို့ သွားရောက်ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စခန်းအတွင်းရှိ နေရပ်စွန့်ခွာအိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး အဆိုပါ စခန်းအတွင်းရှိ အိမ်ထောင်စု ၄၀၅ စု၊ လူဦးရေ ၂၂၉၉ ဦးတို့အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ် ၄၀၅၀၀၀၀ နှင့် ပြည်နယ် ကောင်စီအဖွဲ့ဝင်များက ဆန်အိတ် ၂၀၇ အိတ်ကို ထောက်ပံ့ပေးအပ်ကြရာ နေရပ်စွန့်ခွာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**





# စစ်ကိုင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
# တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၃၀ ရက်က စစ်ကိုင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

### အလှူငွေပေးအပ်

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတောင်ရိုးရှိ သမိုင်းဝင် ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံနိုင်ရေးအတွက် အလှူငွေကျပ် သုံးသိန်းကို လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့များက လက်ခံယူကြသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း) ဥက္ကဋ္ဌနှင့်အဖွဲ့များအား တွေ့ဆုံ၍ ကျောက်မျက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး စစ်ကိုင်းမြို့ ကားကြီးကွင်းအနီးရှိ Information Centre ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### ထပ်ဆင့်ရှင်းလင်း

ထို့နောက် စစ်ကိုင်းစက်မှုဇုန်သို့ သွားရောက်၍ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပေးပြီး စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌက စက်ရုံများ လည်ပတ်နေမှု၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိနေမှုများကို တင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် အုန်းတောကျေးရွာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှင့် ရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး သက်ဆိုင်ရာ အစည်းအဝေးခန်းမများ၌ ခေတ္တပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းများ၏ အချက်အလက်နှင့် သမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြကြပြီး ကျောင်းများရှိ စာကြည့်တိုက်များ၊ စာသင်ဆောင်များ၊ အိပ်ဆောင်နှင့် စားသောက်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှု အပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ အိအိဝင်း (ဆေးရုံအုပ်) | ဖောင်းပြင် ပြည်သူ့ဆေးရုံ | ဖောင်းပြင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က | |
| ၂ | ဒေါက်တာ စိုးစံထွန်း (လ/ထ ဆရာဝန်) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က | |
| ၃ | ဒေါက်တာ မဠူ (အထူးကု) | ရွှေဘို ပြည်သူ့ဆေးရုံ | မန္တလေးမြို့။ | ၅၀၅-က | |
| ၄ | ဒေါက်တာ နေအောင် (လ/ထ ဆရာဝန်) | ဘုတ်ကြီး တိုက်နယ်ဆေးရုံ | တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က | |
| ၅ | ဒေါက်တာ ရဲဝင်းဇော် (အထူးကု) | ရန်ကုန်အရှေ့ပိုင်းခရိုင် ဆေးရုံကြီး | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က | |
| ၆ | ဒေါက်တာ စုပြည့်ဇင် (လ/ထ ဆရာဝန်) | ရန်ကုန် ပြည်သူ့ဆေးရုံကြီး | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က | |
| ၇ | ဒေါက်တာ ဟန်ဖြိုးဇော် (လ/ထ ဆရာဝန်) | အမ်း ပြည်သူ့ဆေးရုံ | မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က | |
| ၈ | ဒေါက်တာ မို့မို့အောင် (အထူးကု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က | |
| ၉ | ဒေါက်တာ စိုင်းမိုးဇက်ခမ်း (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က | |
| ၁၀ | ဒေါက်တာ ဆွေဆွေခိုင် (လ/ထ ဆရာဝန်) | ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံ | ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က | |

ဖော်ပြပါ ဆရာဝန်များအနက် ကျိုင်းတုံပြည်သူ့ဆေးရုံမှ ဒေါက်တာ မို့မို့အောင် (အထူးကု)နှင့် ဒေါက်တာ စိုင်းမိုးဇက်ခမ်း (လ/ထ ဆရာဝန်)တို့သည် "စေတနာ"ဆေးရုံ၌လည်းကောင်း၊ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဆွေဆွေခိုင်(လ/ထ ဆရာဝန်) သည် (စိစစ်ဆဲ) ဆေးခန်း၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ မို့မို့အောင်(အထူးကု၊ ကျိုင်းတုံပြည်သူ့ဆေးရုံ) နှင့် ဒေါက်တာ စိုင်းမိုးဇက်ခမ်း (လ/ထ ဆရာဝန်၊ ကျိုင်းတုံပြည်သူ့ဆေးရုံ)တို့အားဆေးကုသခွင့်ပေးထားသည့် "စေတနာ"ဆေးရုံမှတ်တမ်းဓာတ်ပုံ





ဒေါက်တာ မို့မို့အောင်     ဒေါက်တာ စိုင်းမိုးဇက်ခမ်း



ဒေါက်တာ ဆွေဆွေခိုင် (လ/ထ ဆရာဝန်၊ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံ )ဆေးကုသနေသည့် အမည်မရှိဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဆွေဆွေခိုင်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် မှန်ကန်မှုမရှိသည့် သေဆုံးမှုစာရင်းများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နိုင်ငံ့တာဝန်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူပြီးနောက်ပိုင်း ဒီမိုကရေစီယဉ်ကျေးမှုအရ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှု (Peaceful Protests) များသည် တရားမဝင် ဖွဲ့စည်းထားသော CRPH ၊ NLD ပါတီဝင်များနှင့် ၎င်းတို့အား ဝန်းရံထောက်ခံသူ အစွန်းရောက်များ၏ ဦးဆောင်ပါဝင်မှု၊ နောက်ကွယ်မှကြိုးကိုင်လှုံ့ဆော်မှုများကြောင့် လက်နက်ကိုင်အကြမ်းဖက်ဆူပူအုံကြွမှု (Insurrection) အဆင့်မှ အကြမ်းဖက် အဖျက်လုပ်ရပ်များ (Terrorist Acts)အထိ လုပ်ဆောင်လာသည်ကို တွေ့မြင်ရပါသည်။

ထိုသို့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အချို့မြို့ကြီးများ၌ လမ်းများကို အခိုင်အမာပိတ်ဆို့၍ အတားအဆီးများချထားခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ရယူပြီး ရဲစခန်းများ၊ တပ်ဌာနချုပ်များ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ စာသင်ကျောင်းများ၊ အရပ်ဘက် စီးပွားရေးဆိုင်ရာအဆောက်အအုံများ၊ အများပြည်သူသွားလာနေသည့် နေရာများနှင့် အပြစ်မဲ့ပြည်သူများ၏နေအိမ်များကို လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်လုပ်ဗုံးများ၊ မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေလျက်ရှိပါသည်။

NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူအစွန်းရောက်များသည် ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အတွင်း ရဲစခန်း ၆၃ ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၆၂ ရုံး၊ ရုံးဌာန ၅၂ ရုံး၊ လမ်းတံတား ၁၆ ခု၊ ဘဏ် ၁၃ ခု၊ စာသင်ကျောင်းနှင့် အခြားအဆောက်အအုံနေရာ ၁၀၅ ခု တို့ကို မီးပုလင်းများ၊ မီးကွင်းများ၊ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများနှင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာစက်မှုဇုန်များ၊ ရွှေပြည်သာစက်မှုဇုန်များနှင့် အင်းစိန်မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံ ၁၃ ရုံတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။

### ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ ဖျက်ဆီးတိုက်ခိုက်ခံရမှု အခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | ရဲစခန်းများ | ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ | ရုံး/ဌာနများ | လမ်း/တံတားများ | ဘဏ်များ | အခြား နေရာများ |
|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | ၁ | | | ၅ |
| ၂ | ကချင် | | | ၂ | ၃ | | ၃ |
| ၃ | ကယား | | | ၁ | | | ၁ |
| ၄ | ကရင် | | ၆ | | | ၁ | ၆ |
| ၅ | ချင်း | | | ၁ | | ၁ | ၁ |
| ၆ | စစ်ကိုင်း | ၁၂ | | ၁၃ | ၁၀ | ၂ | ၂၈ |
| ၇ | တနင်္သာရီ | ၁ | ၄ | ၃ | | | ၆ |
| ၈ | ပဲခူး | ၄ | | ၃ | | | ၁၁ |
| ၉ | မကွေး | ၄ | ၂ | ၃ | ၁ | | ၄ |
| ၁၀ | မန္တလေး | ၂၆ | ၅ | ၄ | | ၄ | ၁၃ |
| ၁၁ | မွန် | | ၅ | ၃ | | | ၁ |
| ၁၂ | ရခိုင် | | | | | | |
| ၁၃ | ရန်ကုန် | ၆ | ၃၇ | ၁၁ | ၂ | ၅ | ၁၀ |
| ၁၄ | ရှမ်း | ၆ | ၁ | ၄ | | | ၁၃ |
| ၁၅ | ဧရာဝတီ | ၃ | ၁ | ၃ | | | ၃ |
| | စုစုပေါင်း | ၆၃ | ၆၂ | ၅၂ | ၁၆ | ၁၃ | ၁၀၅ |

ထို့အပြင် NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူ အစွန်းရောက်များသည် အပြစ်မဲ့ ပြည်သူများအား “ငါနှင့်မတူ ငါ့ရန်သူ” ဟု သဘောထား၍ ဒလန်/ သတင်းပေးဟု စွပ်စွဲပြီး လူစုလူဝေးဖြင့် အတင်းအဓမ္မ ဖမ်းဆီးကာ ရက်စက်စွာသတ်ဖြတ်ခြင်း၊ လူ့ဂုဏ်သိက္ခာ ဆုံးရှုံးစေသည်အထိ အရှက်ရစေရန် လူမဆန်သည့် အပြုအမူများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဧပြီလ ၁၅ ရက်နေ့အထိ အပြစ်မဲ့ပြည်သူ ၁၇ ဦး ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရပြီး ၃၀ ဦး ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့ပါသည်။

### ၁-၂-၂၀၂၁ ရက်မှ ၁၅-၄-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဒလန်ဟုစွပ်စွဲ၍ သေဆုံး/ဒဏ်ရာရသူများ၏ ဖြစ်စဉ်ဦးစီးဇယား

| စဉ် | တိုင်း/ပြည်နယ် | သေဆုံး | ဒဏ်ရာရ | ဆံပင်ရိတ် | ဆေးမှင်ကြောင် | ခြောက်လှန့် | နေအိမ်ဖျက်ဆီး | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | | | | ၁ | | |
| ၂ | ကချင် | | | | | | | |
| ၃ | ကယား | | | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | ၇ | ၆ | ၂ | ၁ | | ၄ | |
| ၇ | တနင်္သာရီ | ၂ | ၂ | ၁ | | | | |
| ၈ | ပဲခူး | ၁ | ၁ | | | | ၁ | |
| ၉ | မကွေး | | | | | | ၁ | |
| ၁၀ | မန္တလေး | ၁ | ၅ | | | ၁ | ၃ | |
| ၁၁ | မွန် | | | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | ၆ | ၁၂ | ၁ | | ၁ | ၂ | |
| ၁၄ | ရှမ်း | | | | | | | |
| ၁၅ | ဧရာဝတီ | | ၄ | | | | | |
| | စုစုပေါင်း | ၁၇ | ၃၀ | ၄ | ၁ | ၃ | ၁၁ | |

ထို့ကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းပိတ်အတားအဆီးများကို ဖယ်ရှားခြင်း၊ နေ့ညမပြတ် လှည့်ကင်းများ ဆောင်ရွက်ခြင်း၊ ရပ်ရွာများ၏ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပြုနေသော ဆူပူအကြမ်းဖက်သမားများအား ဖမ်းဆီးခြင်းများအပြင် ဆူပူအကြမ်းဖက်သမား လူစုလူဝေးများကိုလည်း တားဆီးထိန်းသိမ်းလျက်ရှိပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်သမား လူစုလူဝေးများကို ထိန်းသိမ်းရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရုန်းရင်းဆန်ခတ်မှုလက်စွဲဥပဒေ (၁၉၅၆) ခုနှစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအားကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင် (၂၀၁၅) ခုနှစ်ပါ ပြဋ္ဌာန်းချက်များအတိုင်းသာ ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် NLD ပါတီဝင် အစွန်းရောက်များ၏ ဦးဆောင်မှုဖြင့် ဆူပူအကြမ်းဖက်သမားများက ရဲစခန်းများအား လူစုလူဝေးဖြင့်ဝင်ရောက်စီးနင်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်သေနတ်၊ လက်လုပ်ဗုံးများ၊ လက်နက်ခဲယမ်းအစစ်များ အသုံးပြုတိုက်ခိုက်ခြင်းများပြုလုပ်လာသဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ဆောင်မှု အတိုင်းအတာအပေါ် မူတည်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သလို အကန့်အသတ်ဖြင့် တုံ့ပြန်ပစ်ခတ်မှုများ ဆောင်ရွက်ခဲ့ရပြီး ထိုသို့ဆောင်ရွက်စဉ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်သား ၇ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးပြီး တပ်မတော်သား ၄၅ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၅၃ ဦးနှင့်အထက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

### ၁-၂-၂၀၂၁ ရက်နေ့မှ ၁၅-၄-၂၀၂၁ ရက်နေ့အထိ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ သေဆုံး/ဒဏ်ရာရရှိမှု အခြေအနေ

| စဉ် | တိုင်း/ ပြည်နယ် | တပ်မတော်သား | | | | ရဲတပ်ဖွဲ့ဝင် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | သေဆုံး | ဒဏ်ရာရ | | | သေဆုံး | ဒဏ်ရာရ | | | |
| | | | စိုးရိမ်ရ | မစိုးရိမ်ရ | ပေါင်း | | စိုးရိမ်ရ | မစိုးရိမ်ရ | ပေါင်း | |
| ၁ | နေပြည်တော် | | | | | | ၈ | ၂၆ | ၃၄ | |
| ၂ | ကချင် | | | ၃ | ၃ | | ၆ | ၁၁ | ၁၇ | |
| ၃ | ကယား | | | | | | | ၁၈ | ၁၈ | |
| ၄ | ကရင် | | ၁ | ၁ | ၂ | | | ၃ | ၃ | |
| ၅ | ချင်း | | | | | | | | | |
| ၆ | စစ်ကိုင်း | ၁ | | ၅ | ၅ | ၇ | ၂ | ၂၂ | ၂၄ | |
| ၇ | တနင်္သာရီ | ၁ | ၁ | ၄ | ၅ | | | ၂ | ၂ | |
| ၈ | ပဲခူး | | | | | ၂ | ၁ | ၃၂ | ၃၃ | |
| ၉ | မကွေး | | | ၇ | ၇ | | ၁ | ၂၆ | ၂၇ | |
| ၁၀ | မန္တလေး | ၁ | ၁ | ၅ | ၆ | ၄ | ၇ | ၂၉ | ၃၆ | |
| ၁၁ | မွန် | | | | | ၂ | ၁ | ၇ | ၈ | |
| ၁၂ | ရခိုင် | | | | | | | | | |
| ၁၃ | ရန်ကုန် | | | ၉ | ၉ | ၂ | ၅ | ၂၄ | ၂၉ | |
| ၁၄ | ရှမ်း | ၄ | | ၆ | ၆ | | | ၇ | ၇ | |
| ၁၅ | ဧရာဝတီ | | | ၂ | ၂ | | | ၁၅ | ၁၅ | |
| | စုစုပေါင်း | ၇ | ၃ | ၄၂ | ၄၅ | ၁၇ | ၃၀ | ၂၂၂ | ၂၅၃ | |

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိကိုယ်ကိုခုခံပိုင်ခွင့်အရ ဆူပူအကြမ်းဖက်သမားများ၏ ရန်ပြုတိုက်ခိုက်ခြင်းများကို တုံ့ပြန်ဆောင်ရွက်ခဲ့ရာတွင် မလွှဲမရှောင်သာ နှစ်ဖက်ထိခိုက်သေဆုံး ဒဏ်ရာရရှိမှုများရှိခဲ့သော်လည်း မီဒီယာကျင့်ဝတ်၊ ဥပဒေများနှင့် မညီညွတ်သဖြင့် နိုင်ငံတော်က တရားဥပဒေနှင့်အညီ ပိတ်သိမ်းထားခြင်းခံရသည့် တရားမဝင်မီဒီယာများက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်စက်စွာ ကျည်စစ်ကျည်မှန်များဖြင့် ပစ်ခတ်နေကြောင်း အခြေအမြစ်မရှိသောသတင်းအမှား၊ သတင်းအတုများကို တစ်ဖက်သတ်လုပ်ကြံ စွပ်စွဲရေးသား ဖော်ပြလျက်ရှိပါသည်။

*စာမျက်နှာ ၂၄ သို့*

*စာမျက်နှာ ၂၃ မှ*










နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေကြပြီး တစ်ဖက်တွင်လည်း ၎င်းတို့ရေးသားသည့် သတင်းအမှားများကို နိုင်ငံတော်အစိုးရယန္တရားပျက်ပြားလိုသည့်အဖျက်သမားများက လူမှုကွန်ရက်မှတစ်ဆင့် ပိုမိုပျံ့နှံ့အောင် လုပ်ဆောင်နေကြကြောင်း တွေ့မြင်နေရပါသည်။

အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုများကြောင့် သေဆုံးသူများ၏ စာရင်းအား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသောသတင်းအတု၊ သတင်းအမှားများကို အခြေခံ၍ စုစည်းထားသည့် ကိန်းဂဏန်းများဖြင့် ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့ အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အမှန်တကယ်သေဆုံးသူများ စာရင်းအဖြစ် ထုတ်ပြန်လျက်ရှိပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်အရ ဧပြီလ ၁၅ ရက်နေ့အထိ သေဆုံးသူ ၇၂၆ ဦးအထိ ရှိကြောင်း ဖော်ပြထားပါသည်။

## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးမှုများရှိလာပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ (Dead Bodies) အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အထိ သေဆုံးသူစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

## ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆူပူဆန္ဒပြသူသေဆုံးမှုအခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | လမ်းပိတ်ဆို့မှုများ ရှင်းလင်းသည့် ဖြစ်စဉ်များတွင် ပစ်ခတ်မှုကြောင့် သေဆုံး(ဦးရေ) | လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုသဖြင့် တုံ့ပြန်ပစ်ခတ်၍ သေဆုံး(ဦးရေ) | ဆန္ဒပြသူအချင်းချင်း ရန်ဖြစ်ခြင်း၊ အချင်းချင်း သတ်ဖြတ်ခြင်းကြောင့် သေဆုံး(ဦးရေ) | တရားခံဖမ်းဆီးစဉ် မတော်တဆမှုကြောင့် သေဆုံး(ဦးရေ) | ဆန္ဒပြသူအချင်းချင်း ပစ်ခတ်မှုကြောင့် သေဆုံး(ဦးရေ) | ဆန္ဒပြရင်း ရောဂါဖြင့် သေဆုံး(ဦးရေ) | အခြားနည်းဖြင့် သေဆုံး(ဦးရေ) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | ၁ | | | ၁ | | |
| ၂ | ကချင် | | ၉ | | | | ၁ | |
| ၃ | ကယား | | ၁ | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | | ၂၂ | | | | ၁ | |
| ၇ | တနင်္သာရီ | | ၁၃ | | | | | |
| ၈ | ပဲခူး | ၂ | ၁၈ | ၁ | | | | |
| ၉ | မကွေး | ၁ | ၁၄ | | ၁ | | | |
| ၁၀ | မန္တလေး | ၃ | ၃၃ | | | ၁ | ၁ | |
| ၁၁ | မွန် | | ၂ | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | | ၁၀၅ | | | | ၂ | ၂ |
| ၁၄ | ရှမ်း | | ၁၅ | | | | | |
| ၁၅ | ဧရာဝတီ | ၁ | ၇ | | | | | |
| | စုစုပေါင်း | ၇ | ၂၄၀ | ၁ | ၁ | ၂ | ၅ | ၂ |

မှတ်ချက်။ (၁) ရောဂါဖြင့် သေဆုံးသူ ၅ ဦးတွင် နှလုံးရောဂါ ၄ ဦး၊ Covid ရောဂါ ၁ ဦးဖြစ်ပါသည်။
(၂)ဆန္ဒပြသူအချင်းချင်း ပစ်ခတ်မှုကြောင့်သေဆုံးသူ ၂ ဦးမှာ နေပြည်တော်မှ မြသွဲ့သွဲ့ခိုင်နှင့် မန္တလေးမှ ကြယ်စင်တို့ဖြစ်ပါသည်။
(၃) အခြားနည်းဖြင့် သေဆုံးသူ ၂ ဦးမှာ ရန်ကုန်မှ ဇော်မြတ်လင်းနှင့် လျှံ့ဗွားလီးတို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စုစုပေါင်းသေဆုံးသူ ၂၅၈ ဦးတွင် အတားအဆီးရှင်းလင်းစဉ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာမှုကြောင့် ပြန်လည်တုံ့ပြန်ရာမှ သေဆုံးသူမှာ ၂၄၇ ဦးသာရှိပြီး ကျန် ၁၁ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ အခြားအကြောင်းအရာများကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မိမိဘာသာအိမ်ပေါ်မှခုန်ချရာမှ သေဆုံးခဲ့သူ ဦးဇော်မြတ်လင်း



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးသူ မလျှံ့ဗွားလီး



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ နှလုံးရောဂါဖြင့် သေဆုံးခဲ့သူ ဒေါ်တင်နွဲ့ရီ



လူမှုကွန်ရက်များတွင် ပျံ့နှံ့နေသော AAPP မှ ထုတ်ပြန်သည့် သေဆုံးစာရင်း ၇၂၆ ဦး စာရင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့်မဟုတ်ဘဲ မြသွဲ့သွဲ့ခိုင်၊ မကြယ်စင်တို့ကဲ့သို့ ဆန္ဒပြသူများအချင်းချင်းပစ်ခတ်မှုကြောင့် သေဆုံးသူများ၊ ဦးဇော်မြတ်လင်းနှင့် မလျှံ့ဗွားလီးတို့ကဲ့သို့ အခြားနည်းဖြင့် သေဆုံးသူများ၊ ဦးကိုကိုလေးနှင့် ဒေါ်တင်နွဲ့ရီတို့ ကဲ့သို့သော နှလုံးရောဂါဖြင့် သေဆုံးသူများ၊ ရာဇာအောင်ကဲ့သို့ ကိုဗစ်ရောဂါဖြင့် သေဆုံးသူများနှင့် အကြမ်းဖက်မှုဆောင်ရွက်နေသူများက အချင်းချင်းသတ်ဖြတ်

*စာမျက်နှာ ၂၅ သို့*

ပညာရေးဝန်ကြီးဌာန

အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

"၂၀၂၁ -၂၀၂၂ ပညာသင်နှစ်"

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့်စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ကျောင်းအပ်နှံရာတွင်အခမဲ့ထောက်ပံ့မှုများ

(က) သူငယ်တန်း (KG) Workbook

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ Mask (၂) ခု ၆။ Face shield (၁) ခု

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁) ဒါဇင် ၁၂။ ခဲတံ (၄) ချောင်း ၁၃။ Mask (၂) ခု ၁၄။ Face shield (၁) ခု

(စ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ(၁) ၄။ သင်္ချာ(၂) ၅။ သိပ္ပံ ၆။ ပထဝီဝင် ၇။ သမိုင်း ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁) ဒါဇင် ၁၃။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၄။ Mask (၂) ခု ၁၅။ Face shield (၁) ခု

(ဆ) သတ္တမတန်း (Grade 7) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ(၁) ၄။ သင်္ချာ(၂) ၅။ သိပ္ပံ ၆။ ပထဝီဝင် ၇။ သမိုင်း ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁) ဒါဇင် ၁၃။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၄။ Mask (၂) ခု ၁၅။ Face shield (၁) ခု

(ဇ) သတ္တမတန်း (Grade 8) သင်ရိုးဟောင်း

၁။ မြန်မာကဗျာလက်ရွေးစင် ၂။ ဇာတကဝတ္ထုများ ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် (၁) ဒါဇင် ၁၁။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၂။ Mask (၂) ခု ၁၃။ Face shield (၁) ခု

(ဈ) အဋ္ဌမတန်း (Grade 9) သင်ရိုးဟောင်း

၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မဟော်သဓာဇာတ်တော်ကြီး(ပထမတွဲ) ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် (၁) ဒါဇင် ၁၁။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၂။ Mask (၂) ခု ၁၃။ Face shield (၁) ခု

(ည) ဒသမတန်း (Grade 10) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် (၁) ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း၊ ခဲတံ (၂) ချောင်း ၁၈။ Mask (၂) ခု ၁၉။ Face shield (၁) ခု

(ဋ) ဒသမတန်း (Grade 11) သင်ရိုးဟောင်း

၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မြန်မာစကားပြေ ၃။ ရေသည်ပြဇာတ် ၄။ မြန်မာသဒ္ဒါ(အတွဲ-၂)၊ အခန်း(၆) ၅။ အင်္ဂလိပ်စာ ၆။ သင်္ချာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ ဇီဝဗေဒ ၁၀။ ဘောဂဗေဒ ၁၁။ ပထဝီဝင် ၁၂။ မြန်မာ့သမိုင်း ၁၃။ ကမ္ဘာ့သမိုင်း ၁၄။ စိတ်ကြိုက်မြန်မာစာ ၁၅။ ဗလာစာအုပ် (၁) ဒါဇင် ၁၆။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၇။ Mask (၂) ခု ၁၈။ Face shield (၁) ခု

# တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ COVID-19 ရောဂါကာကွယ်ဆေးများလှူဒါန်း

**နေပြည်တော် မေ ၂**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ထောက်ပံ့လှူဒါန်းသည့် COVID–19 ရောဂါကာကွယ်ဆေး sar–Cov–2 (Vero Cell) များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ယင်းသို့ ထောက်ပံ့လှူဒါန်းရာတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ကာကွယ်ဆေး sar–Cov–2 (Vero Cell) အလုံးရေငါးသိန်းကို ပေးအပ်ထောက်ပံ့ခဲ့ကြောင်းနှင့် အဆိုပါဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြောက်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြောက်ဦး မေ ၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့မဘောလုံးအားကစားကွင်းအတွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် မြောက်ဦးမြို့နယ် ဘောလုံးအသင်းနှင့် ကျောက်တော်မြို့နယ် ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ပြီး မြောက်ဦးမြို့နယ်ဘောလုံးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလားဆွတ်ခူးခဲ့သည်။

ယင်းနောက် ဆုရအသင်းများအား ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်အောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် ဂေါက်သီးရိုက်ကစားသမားများ ရွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား (ဆီးဂိမ်း)ပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် ဂေါက်သီးရိုက် (အမျိုးသား) ကစားသမားရွေးချယ်ရန် လူရွေးပွဲကို ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ပြုလုပ်သွားမည်ဖြစ်သည်။

ပဏာမလက်ရွေးစင် ဂေါက်သီးရိုက် ကစားသမားများ လူရွေးပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံလိုသည့် ကစားသမားများသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အသက် ၂၆ နှစ် မပြည့်သေးသူဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် Cut ဝင်ဖူးသူနှင့် လူငယ်ပြိုင်ပွဲတွင် အဆင့် ၁ မှ ၃ အတွင်း ရရှိဖူးသူဖြစ်ကာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သောသူဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

လူရွေးပွဲ ဝင်ရောက်ရွေးချယ်ခံမည့်သူများအနေဖြင့် မေ ၂၀ ရက်မှ ၂၃ ရက် အထိ ပထမအကြိမ်၊ ဇွန် ၃ ရက်မှ ၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် လေးရက်စီ လူရွေးပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရွေးချယ်ခံလိုသော ကစားသမားများအနေဖြင့် မေ ၁၆ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်းနံပါတ် ၀၉–၅၁၉၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကိုညီလေး

*စာမျက်နှာ ၂၄ မှ*

မှုကြောင့် သေဆုံးသူများ ပါရှိနေသကဲ့သို့ အမှန်တကယ်သေဆုံးသည်ဟု အတည်မပြုနိုင်သော ပျောက်ဆုံးနေသူများ၊ ဒဏ်ရာရရှိမှုကြောင့် တပ်မတော်ဆေးရုံများတွင် ကုသမှုခံယူနေသူများ၊ နယ်စပ်ဒေသများ သို့ ထွက်ပြေးတိမ်းရှောင်သွားသူများ၊ စာရင်းများ ဖောင်းပွနေအောင် လိပ်စာအတု၊ နာမည်အတုများဖြင့် ဖော်ပြထားသူများ ပါရှိနေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| No. | Name | Sex | Age | Father's Name | Date of Incident | Deceased Date | Organization | Place of Incidents | Home Address | Township | States/ Regions |
|---|---|---|---|---|---|---|---|---|---|---|---|
| 2 | Mya Thwate Thwate Khaing | F | 19 | unknown | 9-Feb-21 | 19-Feb-21 | Civilian | NayPyi Taw | Hlaykhwintaung, Lower Paunglaung Hydro Power Project | Zeyathiri | NayPyiTaw Region |
| 28 | Kyal Sin Lin @ Kyar Shi | F | 19 | Daw Aye Aye Myint | 3 Mar 21 | 3-Mar-21 | Student | 84 Street and 30 Street | 15x16, 65 Road | Mandalay City | Mandalay Region |
| 60 | Zaw Myat Linn | M | 46 | U Sein Tun -Daw Sein Nyunt | 9 Mar 21 | 9-Mar-21 | NLD (Shwepyitha Township) | YGN Interrogation Center | 9 147 Myamizzu road, 25 waroad, Bokone Shay | Shwepyitha | Yangon Region |
| 275 | Zuali @ Malan Zwale | F | 35 | unknown | 21 Mar 21 | 21-Mar-21 | Civilian | Her fifth floor apartment, Mingalar Taung Nyunt | Fifth floor, Kan Taw Lay, 91 street | Mingala Taungnyunt | Yangon Region |
| 624 | 76 Unknown Name | | | Unknown Name | 9 Apr 21 | 9 Apr 21 | Civilian | Maggatic Road | | Bago | Bago Region |

ထို့အပြင် AAPP စာရင်းထဲတွင် ပါဝင်နေသော အချို့သောသူများမှာ အမှန်တကယ် ရှိ/မရှိ အတည်ပြုစစ်ဆေးရန် နေရပ်လိပ်စာ၊ အဖအမည်ကဲ့သို့သော ခိုင်လုံသည့်အချက်အလက်များ ပါဝင်မှုမရှိခြင်း၊ သေဆုံးရသောအကြောင်းရင်း ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိသောသူများ အများအပြားပါဝင်နေခြင်း၊ ဧပြီလ ၉ ရက် ပဲခူးဖြစ်စဉ်တွင် မည်သည့်အချက်မှ ဖော်ပြခြင်းမရှိဘဲ သေဆုံးသူဟု အတည်မပြုနိုင်သူ ၇၆ ဦးအဖြစ် အရေအတွက်အများအပြားထည့်သွင်းဖော်ပြထားခြင်းကဲ့သို့သော အချက်များကိုလည်း တွေ့ရှိရသဖြင့် စာရင်းများမှာ အဆမတန်ဖောင်းပွနေကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်နေသော AAPP အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးသူများစာရင်းသည် လူမှုကွန်ရက်များတွင် ဖော်ပြနေသော အခြေအမြစ်မရှိသည့် သတင်းတုများကိုအခြေခံ၍ မှားယွင်းစွာဖော်ပြထားသည့်အပြင် သေဆုံးသူအရေအတွက်မှာလည်း အဆမတန် ဖောင်းပွလျက်ရှိသဖြင့် အတည်ပြုနိုင်ခြင်း မရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူနာများအားလက်ခံ၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၂**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ဧပြီ ၁၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ပြင်ပလူနာများအပါအဝင် အတွင်းလူနာများကို လက်ခံကာ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဧပြီ ၁၂ ရက်ကစပြီး အတွင်းလူနာများကို ပြန်လည်လက်ခံကုသပေးခဲ့ပါတယ်။ ပြင်ပလူနာဌာနအနေနဲ့လည်း တစ်နေ့ကိုပြင်ပလူနာ၃၀၀ခန့်ရှိပြီး နံနက်၉နာရီမှ ညနေ၄နာရီအထိ ရုံးချိန်အတွင်း လက်ခံ ကုသပေးနေပါတယ်။အလားတူ အရေးပေါ်လူနာများကိုလည်း ရုံးချိန်အတွင်းလက်ခံ ကုသပေးနေပါတယ်။ ယခုအခါ အတွင်းလူနာ စုစုပေါင်း ၁၀၀ ကျော်ခန့် ရှိပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနေဝင်းသိန်းက ပြောသည်။

ရန်ကုန်ဆေးရုံကြီးတွင် မတ် ၂ ရက်မှစ၍ ကင်ဆာဝေဒနာရှင်များ၊နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါဝေဒနာရှင်များအနေဖြင့် အထူးကုပြင်ပလူနာဌာနရှိ နှလုံးဆေးကု၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကု၊ ဦးနှောက်နှင့် အာရုံကြောဆေးကု၊ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကု၊ ကင်ဆာဆေးပညာ၊ ဓာတ်ရောင်ခြည်ဆေးကု စသည့်ဌာနခြောက်ခုတွင် လိုအပ်သောဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်းနှင့် အထွေထွေခွဲစိတ်ကုသဆောင်နှင့် နှလုံးဆေးကုသဆောင်(CCU)ဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အနယ်နယ်အရပ်ရပ်မှ လူနာများ လွှဲပြောင်းပေးပို့ရာတွင် သက်ဆိုင်ရာဒေသမှ ဆေးရုံအုပ်ကြီး (သို့မဟုတ်)သက်ဆိုင်ရာ ဆရာဝန်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ချုပ်မှုအဖွဲ့ထံသို့ ကြိုတင်ချိတ်ဆက်ပြီးမှသာ လက်ခံ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ် ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အခြားသော ဆေးကုသဆောင်များ တိုးချဲ့ဖွင့်လှစ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်) ၂၄ နာရီ ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ၅ဟိုအဆင့် ဆေးရုံကြီးဖြစ်သည့် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်)သည် မိခင်လောင်းနှင့် မိခင်များအား ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ မိခင်လောင်းများအား အောင်မြင်ကျန်းမာစွာ မွေးဖွားပေးခြင်း၊ မွေးကင်းစကလေးများ ပြုစု စောင့်ရှောက်ခြင်းတို့အတွက် နေ့စဉ် ၂၄နာရီ ဖွင့်လှစ်ထားကြောင်း သိရသည်။ **(ဃာပုံ)**

"လက်ရှိ ဝန်ထမ်းအခြေအနေအရ နေ့စဉ်(ပိတ်ရက်မရှိ) အထူးကုဆရာဝန်ကြီး (သားဖွားမီးယပ်) နှစ်ဦးနှင့် လက်ထောက်အထူးကုဆရာဝန် (သားဖွားမီးယပ်) သုံးဦးတို့က Duty Shift ဖြင့် လုပ်ငန်းများလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး အထူးကုဆရာဝန်ကြီး(မေ့ဆေး)၊ အထူးကုဆရာဝန် (မေ့ဆေး) တို့ကလည်း ခွဲစိတ်ကုသရန် လိုအပ်ပါက ဆောင်ရွက်နိုင်ရန် အသင့်ရှိပါတယ်။ ဒါ့အပြင် ပါမောက္ခ (သားဖွားမီးယပ်)ကလည်း ကြီးကြပ် ပါဝင် ပူးပေါင်းဆောင်ရွက်သွား မှာဖြစ်ပါတယ်" ဟု သားဖွားမီးယပ်ရောဂါ အထူးကု ဆေးရုံကြီး (နေပြည်တော်) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်)တွင် ပြင်ပလူနာဌာန၊ သားဖွားဆောင်၊ မီးယပ်ဆောင်၊ မွေးကင်းစဆောင်၊ ခွဲစိတ်ခန်း၊ HDU ကုသခန်း၊ Fever Corner များ ဖွင့်လှစ်ထားရှိပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုများပေးခြင်း၊ မွေးပြီးမိခင်များ စောင့်ရှောက်ခြင်းနှင့် သားဆက်ခြား ဆောင်ရွက်ပေးခြင်း၊ ကာယကံရှင်၏ ဆန္ဒအလျောက် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် မိခင်အား သားကြောဖြတ် ဆောင်ရွက်ပေးခြင်း၊ သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စမ်းသပ်စစ်ဆေး ကုသခြင်း၊ မီးယပ်ရောဂါဝေဒနာရှင်များအား ကုသပေးခြင်း၊ နည်းစနစ်မှန်ကန်သော မိခင်နို့တိုက်ကျွေးရေး ပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်)သို့ နေပြည်တော်အတွင်းရှိ ပြည်သူများသာမက နေပြည်တော်နှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆေးဝါးကုသလိုသူများကလည်း လာရောက်၍ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် အပတ်စဉ် တနင်္လာနေ့တွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု (အသစ်)ကို ကြည့်ရှုကုသပေးလျက်ရှိရာ တစ်ရက်လျှင် ၇၅ ဦးခန့် လည်းကောင်း၊ ဗုဒ္ဓဟူးနေ့တွင် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု (အဟောင်း) များကို ကြည့်ရှုပေးရာ၌ တစ်ရက်လျှင် ၇၅ ဦးမှ ၈၀ ခန့် အထိလည်းကောင်း၊ သောကြာနေ့တွင် မွေးပြီး မိခင်များနှင့် မီးယပ်ရောဂါဝေဒနာရှင်များအား စောင့်ရှောက်ခြင်း ဆောင်ရွက်ပေးရာ၌ တစ်ရက်လျှင် ၄၀ ခန့် လည်းကောင်း လာရောက်ကုသ ဆောင်ရွက်လျက်ရှိပြီး အရေးပေါ် လူနာများအတွက် ပိတ်ရက်မရှိ ၂၄ နာရီ ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုများ လက်ခံကုသပေးလျက်ရှိ

**ဘားအံ မေ ၂**

ကရင်ပြည်နယ် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် မတ် ၁၈ ရက်မှစ၍ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

**ရောဂါမျိုးစုံလက်ခံကုသပေး**

ထို့အပြင် ပြင်ပလူနာများကို အထူးကု ဆရာဝန်ကြီးများက အရိုးရောဂါနှင့် မျက်စိရောဂါများကို တနင်္လာနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ သားဖွားမီးယပ် (မွေးပြီးမိခင်) ရောဂါများကို တနင်္လာနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ခွဲစိတ်အထူးကု (အထွေထွေရောဂါ)၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ၊ အရေပြားရောဂါများ၊ သွားနှင့် ခံတွင်းရောဂါများ၊ အကြောအဆစ်ရောဂါများ၊ ကလေးရောဂါများကို အင်္ဂါနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ သွားနှင့် ခံတွင်းရောဂါများကို အင်္ဂါနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီ အထိ လည်းကောင်း၊ မျက်စိရောဂါများ၊ သားဖွားမီးယပ်ရောဂါများ၊ အရေပြားရောဂါများကို ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါများ၊ အရိုးရောဂါများ၊ သားဖွားမီးယပ်ရောဂါများ (ကိုယ်ဝန်ဆောင်)၊ အရေပြားရောဂါများ၊ အကြောအဆစ်ရောဂါများကို ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ သွားနှင့် ခံတွင်းရောဂါများကို ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ ရောဂါများကို သောကြာနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ စိတ်ရောဂါကို သောကြာနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ လည်းကောင်း လက်ခံကုသပေးလျက်ရှိသည်။

**ပိုးတွေ့လူနာ လက်ခံကုသပေး**

ယခုအချိန် သည် ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် သံသယလူနာများနှင့် စစ်ဆေးပြီး ပိုးတွေ့လူနာများကိုလည်း လက်ခံကုသပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှု ကုသပေး

**ပဲခူး မေ ၂**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များ၊ အရေးပေါ်ကျန်းမာရေး ကိစ္စများကို မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံ ၄၀ တို့တွင် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်ကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံ ၄၀ တို့တွင် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ဌာနကို နေ့/ည မရွေး ၂၄ နာရီ ဖွင့်လှစ်ကာ စောင့်ရှောက်ပေးလျက်ရှိပြီး ပြင်ပလူနာများအတွက် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြင်ပ လူနာ၊ အတွင်းလူနာ၊ မွေးလူနာများ လက်ခံကုသပေးလျက်ရှိရာ နေ့စဉ် ပြင်ပလူနာ ၈၀၀ ကျော်နှင့် အတွင်းလူနာ ၉၀၀ ကျော်အား ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**




## မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူများအား နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**မြဝတီ မေ ၂**

ကရင်ပြည်နယ်မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မတ် ၁၉ ရက် မှစတင်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆေးရုံအုပ်ကြီး၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာမများဖြင့် နေ့စဉ် နေ့/ည ၂၄ နာရီဖွင့်လှစ်၍ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်ခံကုသပေးလျက်ရှိသည်။

အဆိုပါပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးနှင့်ကုသရေးဆိုင်ရာကိစ္စရပ်များကို ဆရာဝန် ကိုးဦး၊ သူနာပြုဆရာမ ၁၀ ဦးနှင့် အခြားအဆင့် ကျန်းမာရေးဝန်ထမ်း ၂၆ ဦးတို့က သတ်မှတ်ရက်များအလိုက် လူနာများကို ကြည့်ရှုကုသပေးလျက်ရှိရာ အရေးပေါ်ကျန်းမာရေးကိစ္စများကိုလည်း နေ့စဉ် နေ့/ည မပြတ် ကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ **မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဆူပူဆန္ဒပြမှုအား လူစုခွဲရှင်းလင်း စစ်ကိုင်းတိုင်းဒေသကြီးရွှေဘိုမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက ရန်ပြုပစ်ခတ်

**နေပြည်တော် မေ ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြောက်ကြီးကုန်းကျေးရွာ၌ မေ ၁ ရက်တွင် ဆူပူဆန္ဒပြမှုအား လူစုခွဲရှင်းလင်းခဲ့ရာမှ အမျိုးသမီး နှစ်ဦးအား ဖမ်းဆီးခဲ့ကြောင်းနှင့် မေ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၌ လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက ရန်ပြုပစ်ခတ်ခဲ့၍ လူစုခွဲခဲ့ပြီး အမျိုးသား နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် ည ၈ နာရီခွဲက ပေါင်းတည်မြို့နယ် မြောက်ကြီးကုန်းကျေးရွာ၌ အဆိုပါကျေးရွာနေ မြင့်ဇော် ဦးဆောင်၍ လူစုလူဝေးအင်အား ၃၀ ခန့် ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က အဆိုပါအခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ပြီး ဆူပူဆန္ဒပြနေသော လူစုလူဝေးအား လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း အဆိုပါလူစုလူဝေးမှ လိုက်နာမှုမရှိသဖြင့် လူစုခွဲရှင်းလင်းခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါလူအုပ်စုအတွင်းမှ မြောက်ကြီးကုန်းကျေးရွာနေ သင်းယုမော်(၂၅)နှစ်(ဘ)ဦးသောင်းတင်ပါ အမျိုးသမီး နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းနှင့် မေ ၂ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ပေါ်ရပ်ကွက်များအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီခွဲတွင် (၇)ရပ်ကွက် ရွှေတန်ဆာဘုရားအနောက်ဘက်မုခ်လမ်းကြားအရောက်၌ ဦးဆောင်သူ ဆူပူအကြမ်းဖက်သူ အင်အား ၅၀ ခန့်က လက်လုပ်မိုင်း၊ လက်လုပ်သေနတ်၊ လေးခွများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် လူစုကွဲခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ ထိခိုက်ဒဏ်ရာရရှိထားသော (၇)ရပ်ကွက်နေ သက်ဝေထွန်း (၂၃)နှစ် (ဘ) ဦးမြင့်ဇော်ပါ အမျိုးသားနှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပေါင်းတည်မြို့ မြောက်ကြီးကုန်းကျေးရွာ ဆူပူဆန္ဒပြမှုဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် အမျိုးသမီး နှစ်ဦး




ရွှေဘိုမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက် ရန်ပြုခဲ့သည့်ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် အမျိုးသား နှစ်ဦး

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂**

နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက် လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဖိအားပေး ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တီဘီရောဂါအထူးကုဆေးရုံကြီးမှ ဒေါက်တာရဲဟိန်းအောင်(ဘ)ဦးကိုကိုကြီး၊ ဒေါ်တင်မေသူ (ဘ)ဦးတင်မောင်(ခေတ်ခွဲမှူး)၊ ဒေါ်ဇင်မာမြင့်(ဘ)ဦးမြသောင်း(အထက်တန်းသူနာပြု)၊ ဒေါ်လှလှဝင်း(ဘ)ဦးစိန်လှ (သူနာပြုဆရာမကြီး)နှင့် ဒေါ်ဇင်မာဦး(ဘ)ဦးဗိုလ်ဆန်း (အထက်တန်းသူနာပြု)တို့သည် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်း၊ တည်ငြိမ်အေးချမ်းစွာ လုပ်ငန်းတာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများအား လိုက်လံစည်းရုံးခြင်း၊ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် လှုံ့ဆော်စာများရေးသားခြင်းနှင့် CDM လှုပ်ရှားမှုတွင် မပါဝင်သည့်ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ဧပြီ ၁၇ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က(ဂ)ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။



ထိုသို့ အမှုဖွင့်လှစ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ၎င်းတို့ကို တီဘီရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၂၀၀)ရှိ ဝန်ထမ်းအိမ်ရာ နေအိမ်များ၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြို့နယ်အချို့၌လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၂**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုများမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအားအုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် မေ ၁ ရက်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ အောင်သာကျေးရွာမှ လက်လုပ်သေနတ် နှစ်လက်ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ဝါးဘိုးကျေးရွာမှ လက်လုပ်သေနတ် နှစ်လက်ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ပျည်ထောင်ကျေးရွာမှ လက်လုပ်သေနတ် ခုနစ်လက်ကို လည်းကောင်း၊ အောင်လံမြို့နယ်အတွင်းရှိ ထူးပေါက်ကျေးရွာမှ လက်လုပ်သေနတ် တစ်လက်ကို လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာနှင့် ဆပ်ကွင်းကျေးရွာတို့မှ လက်လုပ်သေနတ် သုံးလက်နှင့် မိုန်းသုံးလက်တို့ကို လည်းကောင်း၊ ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက်မှ လက်လုပ်သေနတ် နှစ်လက်ကို လည်းကောင်း၊ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အလှော် ကျေးရွာမှ တူမီးသေနတ် သုံးလက်နှင့် လေသေနတ် သုံးလက်တို့ကို လည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက် အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ် သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တမူးမြို့နယ်၌ လာရောက်အပ်နှံသည့် လက်လုပ်သေနတ်များ။

# KIA အဖွဲ့ ထောင်ထားသည့် မိုင်းများ ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ တစ်ဦး ထိခိုက် ဒဏ်ရာရရှိ၊ မော်တော်ယာဉ်တစ်စီး မိုင်းစထိမှန်ပျက်စီး

**နေပြည်တော် မေ ၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ WE ARE ONE တစ်သျှူးငှက်ပျောကုမ္ပဏီမှ ကန်ပိုက်တည်မြို့သို့ ငှက်ပျောဖာများတင်ဆောင်လာသည့် စိုင်းကွမ်းမိန်း(ဘ) ဦးအိုက်ကွမ်း မောင်းနှင်လာသည့် ၂၂ ဘီးအမျိုးအစားအဖြူရောင်ယာဉ်အမှတ်၊ 7L/--- သည် မေ ၁ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ဝိုင်းမော်မြို့၏အရှေ့ဘက် ၁၇ မိုင်ခန့် အကွာသို့အရောက်၌ KIA အဖွဲ့မှ ထောင်ထားသောမိုင်းနှစ်လုံးပေါက်ကွဲခဲ့သဖြင့် မော်တော်ယာဉ်၌ မိုင်းစများထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ပြီး ယာဉ်မောင်းမှာ ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာနေ မမေသူဆိုင်း(ဘ)ဦးနော်ဆိုင်းသည် ဝါရှောင်ကျေးရွာဘက်မှ ဝိုင်းမော်မြို့ဘက်သို့ မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခွာလာစဉ် ဝိုင်းမော်မြို့၏အရှေ့ဘက် ရှစ်မိုင်ခန့်အကွာသို့အရောက်၌ KIA အဖွဲ့မှ ထောင်ထားသောမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် မမေသူဆိုင်းတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး မြစ်ကြီးနားမြို့ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် တစ်ဦး၏ နေအိမ်ကို ဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းရန်ပြုပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် တစ်ဦး၏နေအိမ်အား မေ ၂ ရက်တွင် ဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းရန်ပြု တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ်မှန်များ ကွဲအက်ပျက်စီးကာ သိုလှောင်ရုံအဆောက်အအုံတစ်လုံးနှင့် ဆိုင်ကယ်ကိုးစီးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဝက်လက်မြို့ အမှတ်(၂) ရပ်ကွက်နေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ဦးစိုးခိုင် (၄၀နှစ်) (ဘ) ဦးသန်းညွန့်၏ နေအိမ်ကို ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က ဆဲဆိုအော်ဟစ် ရောက်ရှိလာပြီး လက်လုပ်သေနတ်၊ လက်လုပ်မိုင်း၊ ဓာတ်ဆီပုလင်း၊ လေးခွ၊ ဂျင်ကလိ၊ အုတ်ခဲကျိုးများဖြင့် ဝိုင်းဝန်းရန်ပြုပစ်ခတ်တိုက်ခိုက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများက ဦးစိုးခိုင်ပိုင်ဆိုင်သော နေအိမ်နှင့် "မြင့်" စားသောက်ဆိုင်တို့အား ဝိုင်းဝန်းဖျက်ဆီးမီးရှို့နေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါ ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ ထိခိုက်ဒဏ်ရာရရှိထားသော အမျိုးသား နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။



ဆူပူအကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံနှင့် ဆိုင်ကယ်များကို တွေ့ရစဉ်။

ထိုကဲ့သို့ ဆူပူအကြမ်းဖက်သူများ၏ ဝိုင်းဝန်းရန်ပြု တိုက်ခိုက်ဖျက်ဆီးခဲ့မှုကြောင့် ဦးစိုးခိုင်ပိုင်ဆိုင်သော သုံးထပ်တိုက်နေအိမ်၏ မှန် ၂၉ ချပ် ကွဲအက်ပျက်စီးကာ "မြင့်"စားသောက်ဆိုင်ရှိ ဘီယာများ သိုလှောင်ထားသော ၁၀ ပေပတ်လည် ပျဉ်ခင်း၊ ပျဉ်ကာအဆောက်အအုံတစ်လုံးနှင့် ဆိုင်ကယ်ကိုးစီးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်တွင် ပါဝင်ပတ်သက်သူ များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ကားပစ္စည်းရောင်းဝယ်ရေးဆိုင်၌ ပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် မေ ၂

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့ အမှတ်(၄) ရပ်ကွက်ရှိ ကားပစ္စည်းရောင်းဝယ်ရေးဆိုင်ရှေ့သို့ မေ ၁ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် အမည်မသိလူသုံးဦးသည် Wish အမျိုးအစား မော်တော်ယာဉ် တစ်စီးဖြင့် ရောက်ရှိလာပြီး အဆိုပါဆိုင်ရှိ ဦးနေပိုင်စိုး(ခ)အာဖန်(ဘ)ဦးစိုးဝင်းအား မော်တော်ယာဉ်ပေါ်သို့ ဖမ်းဆီးခေါ်ဆောင်ရာ မလိုက်သဖြင့် အမည်မသိလူ တစ်ဦးက လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးနေပိုင်စိုး၌ လက်နက်ငယ်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ကွတ်ခိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါလက်နက်ငယ်ဖြင့်ပစ်ခတ်ထွက်ပြေးသွားသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာမှ တရားဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ ကျောဖုံးမှ

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း၌ နေ့စဉ် ငါး/ပုစွန် ပိသာချိန် ငါးသောင်း/ခြောက်သောင်းဝန်းကျင်ရောင်းဝယ်ဖောက်ကားရာမှ လတ်တလော ကိုဗစ်အလွန်ကာလတွင် နေ့စဉ် ပိသာချိန် တစ်သိန်းခွဲအထိ ဝင်ရောက်ကာ ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

အထူးသဖြင့် မွေးမြူရေးငါးနှင့် ရေချိုငါးများသာ ရောင်း/ဝယ် ဖောက်ကားမှုအများဆုံးဖြစ်ပြီး အဆိုပါ ရေထွက်ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ တွံတေး၊ ခရမ်း၊ မအူပင်၊ ညောင်တုန်း၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲနှင့် လပွတ္တာ စသည့် မြို့နယ်များအတွင်းမှ အဓိကထား လာရောက် ရောင်းချလျက်ရှိသည်။ ယင်းဈေးကြီးမှ နိုင်ငံတစ်ဝန်း တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိသော ဒေသများမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တောင်ငူ၊ ပြည်၊ ရွှေဘိုနှင့် နေပြည်တော်အပါအဝင် နိုင်ငံအနှံ့သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ ယခုအခါ ဗဟိုစံပြငါးဈေးကြီးကို နံနက် ၄ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိပြီး ယင်းဈေးကြီးမှာပင် နေ့စဉ်ရောင်းဝယ်ဖောက်ကားမှုမှာ ပိသာချိန် ကိုးသောင်းဝန်းကျင်ရှိပြီး အနယ်နယ်အရပ်ရပ်သို့ တင်ပို့မှုမှာလည်း ပိသာချိန် ခြောက်သောင်းဝန်းကျင်ရှိကြောင်း သိရသည်။

ဗဟိုစံပြငါးဈေးကြီးကို ၁၉၉၀ ပြည့်နှစ် ဇွန်လတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ် မေလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လွှဲပြောင်းရယူကာ သတ်မှတ်ထားသော အခွန်စည်းကမ်းချက်များနှင့် အညီ ကောက်ခံ၍ ယနေ့တိုင် နိုင်ငံတော်အခွန်ကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အခွန်ပေးဆောင်လျက်ရှိသည်။ ဈေးကြီး၏အကျယ်မှာ သုံးဧကခန့် ကျယ်ဝန်းပြီး ဈေးရုံ ရှစ်ရုံရှိကာ ဆိုင်ခန်း(ဒိုင်)ပေါင်း ၁၄၆ ဒိုင်ရှိကြောင်း သိရသည်။

**မြင့်မိုရ်**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပုသိမ်ခရိုင်တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၁၈၈

ဦးကျော်ယု တရားလို နှင့် ဒေါ်ခင်အေးနိုင် တရားပြိုင်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ မဟာစေတီလမ်း၊ အိမ်အမှတ် (၁၂၀၂)နေ တရားပြိုင် ဒေါ်ခင်အေးနိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ယုက ဂုဏ်သရေထိခိုက် နစ်နာစေသောကြောင့် နစ်နာကြေးငွေကျပ် (၅၀၀၀၀၀၀၀/-)ရလိုမှုနှင့် တရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသော စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ် စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၁ ခုနှစ် မေ ၂၈ ရက်(၁၃၈၃ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သောင်းထွန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ပုသိမ်ခရိုင်တရားရုံး



## နမ္မတူ၊ သီပေါ၊ ကျောက်မဲမြို့နယ်များသို့ ဖြတ်သန်းမည့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ကနဦးပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှုနိုင်ရန်နှင့် သုံးသပ်အကြံပြုနိုင်ရန်တင်ပြခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE)၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန (DPTSC) ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် Natural Current Energy Hydropower Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ္မတူ (သီပေါ) ရေအားလျှပ်စစ်စီမံကိန်းမှထွက်ရှိမည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်၏ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ ပို့လွှတ်နိုင်ရန်အတွက် နမ္မတူ၊ သီပေါ၊ ကျောက်မဲမြို့နယ်များသို့ ဖြတ်သန်း၍ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းစသည့် စီမံကိန်းလုပ်ငန်းများကို ဖော်ဆောင်မည်ဖြစ်ပါသည်။

၂။ စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်ခြင်းမပြုမီ ဓာတ်အားလိုင်းသွယ်တန်းမည့် လမ်းအူကြောင်းတစ်လျှောက်နှင့် ဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာ၏ ကနဦးပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE Report)အား အများပြည်သူလေ့လာဖတ်ရှုနိုင်ရန်နှင့် သုံးသပ်အကြံပြုနိုင်ရန်အတွက် အစီရင်ခံစာနှင့်အတူ အကြံပြုလွှာများကို အောက်ဖော်ပြပါနေရာများတွင် ရယူနိုင်ပါသည်–

(က) မြို့နယ်စီမံအုပ်ချုပ်မှုအဖွဲ့ရုံး၊ နမ္မတူမြို့နယ်
(ခ) မြို့နယ်စီမံအုပ်ချုပ်မှုအဖွဲ့ရုံး၊ သီပေါမြို့နယ်
(ဂ) မြို့နယ်စီမံအုပ်ချုပ်မှုအဖွဲ့ရုံး၊ ကျောက်မဲမြို့နယ်
(ဃ) Natural Current Energy Hydropower Co.,Ltd. စီမံကိန်းရုံး၊ ပန်နေကျေးရွာ၊ မိုးတေကျေးရွာအုပ်စု၊ သီပေါမြို့နယ်
(င) info@ncehydropower.com သို့ email ပို့၍ အစီရင်ခံစာ (IEE Report) အား ရယူနိုင်ပါသည်။

**မှတ်ချက်** ။ ။ အကြံပြုလွှာများအား အထက်ဖော်ပြပါနေရာများတွင် ရယူနိုင်ပြီး ယခုကြေညာသည့်ရက်မှစ၍ (၁)လအတွင်း သုံးသပ်အကြံပြုချက်များကို အထက်ဖော်ပြပါနေရာများသို့ ပြန်လည်ပေးပို့နိုင်ပါသည်။

**ဆက်သွယ်ရန်** ။ ။ ဖုန်း-၀၉-၂၅၈၂၄၃၃၃၉၊ ၀၉-၇၆၅၂၄၀၀၇

Natural Current Energy Hydropower Co.,Ltd.



## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 5H/5841၏ ယာဉ်နံပါတ်ပြား နှင့် ယာဉ်၏ ဗီးတက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉- ၅၁၇၀၀၁၃



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/3031 Toyota Liteace 75 P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်း၁၄/ဟသတ(နိုင်)၀၅၈၇၂၅က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော် ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/60168 Dayang 110 ယာဉ်လက်ဝယ်ရှိသူ Thet Htar Zin Co., Ltdက(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**



## ကတ္တရာပီပါခွံ အိတ်ဖွင့်လေလံအရောင်းကြော်ငြာ

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လမ်းလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် ကတ္တရာပီပါခွံများအား အိတ်ဖွင့်လေလံဖြင့် ရောင်းချလိုပါသည်။ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်မြို့ ဖုန်း-၀၉-၄၂၄၄၅၇၆၇၈သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်လေလံအမှတ်** | – | အမှတ်စဉ် ၁/၂၀၂၀-၂၀၂၁ |
| **အိတ်ဖွင့်လေလံအရောင်းပိတ်မည့် ရက်/အချိန်** | – | ၁၄-၅-၂၀၂၁ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီ |
| **အိတ်ဖွင့်လေလံအရောင်းဖွင့်မည့် ရက်/အချိန်** | – | ၁၇-၅-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၉:၃၀ နာရီ |
| **အိတ်ဖွင့်လေလံအရောင်း စိစစ်ရွေးချယ်မည့်နေရာ** | – | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မိုးမိတ်မြို့ ဖုန်း-၀၉-၄၂၄၄၅၇၆၇၈ |

**လေလံရောင်းချရေးကော်မတီ**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း


ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း ၂၀၊ အမှတ် ၁၄၁ (၄-လွှာ)နေ ဦးကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏သမီးဖြစ်သူ မသင်းသင်းနု (၁၂/လသန(နိုင်) ၀၂၂၃၉) သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ပတ်ဝန်းကျင်တွင် အရှက်တကွဲ အကျိုးနဲ့အောင် အကြိမ်ကြိမ်စော်ကားပြုမူပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မာထွန်း LL.B, D.B.L, တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၀၁/၁၇)
အမှတ်(၇၈၁)၊ ဗမ္မာ့သီရိ(၃)လမ်း၊၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

မြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၂၆) ကြိမ်မြောက် ကျပ်၁၀၀၀တန် ထီပေါက်စဉ် ၂၀၂၃ ခုနှစ် ၊ မေ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဗ - ၂၂၉၈၆၆

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဖ - ၄၃၆၅၀၇

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀) ဆုများ

ကင - ၃၇၆၄၁၄
ပ - ၄၄၂၇၅၈
ဏ - ၄၆၁၈၈၂
စ - ၅၈၅၅၄၉

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးသည့်ကျပ်သိန်း(၅၀၀)ဆု (၁) ဆု

လ - ၇၉၄၄၃၀

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀)ဆုများ

ဝ - ၁၄၉၃၀၀
ဝ - ၆၀၁၃၄၉
ကဇ - ၆၇၄၂၇၃
ဗ - ၇၁၄၃၂၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးသည့်ကျပ်သိန်း(၂၀၀)ဆု (၁) ဆု

ယ - ၉၃၄၃၁၈

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀) ဆုများ

| | | | |
|---|---|---|---|
| ဏ | ၃၃၀၇၂၄ | ကဇ | ၅၆၆၄၆၉ |
| ခ | ၃၈၂၉၅၈ | ကဂ | ၈၁၃၄၀၁ |
| ဌ | ၅၅၃၈၆၇ | | |

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀) ဆုများ

ကစ - ၂၃၁၇၅၀
ကဈ - ၂၃၁၇၅၁
ကဂ - ၆၁၁၈၈၁
စ - ၉၃၄၂၈၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးသည့်ကျပ်သိန်း(၅၀)ဆု (၁) ဆု

ဆ - ၆၁၆၁၅၉

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀) ဆုများ

န - ၁၇၂၇၇၀
ကဃ - ၃၉၄၅၂၇
ပ - ၇၃၅၂၁၃
ယ - ၇၄၇၇၂၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်း တန်ဖိုးအား ပြန်လည် အစားထိုး ဖွင့်လှစ် ပေးသည့်ကျပ်သိန်း(၂၀)ဆု (၂) ဆု

ဆ - ၂၄၉၆၄၃
ဒ - ၉၁၀၅၆၃

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀) ဆုများ

| | | | |
|---|---|---|---|
| ဉ | ၂၈၉၀၀၅ | ယ | ၅၅၈၉၅၁ |
| ကဇ | ၄၆၁၈၇၂ | ကက | ၉၇၃၁၀၈ |
| ဝ | ၅၅၆၉၈၂ | | |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ကဆ - ၅၈၁၆၉
လ - ၈၀၉၂၂
ဝ - ၈၃၁၃၈

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ-ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဒ - ၂၂၉၁
ဈ - ၆၂၇၆
ကဃ - ၆၉၉၈

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ-ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

သ - ၁၁၉
ကဆ - ၈၅၁

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ-ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်း (၅)ဆု

| | | | |
|---|---|---|---|
| လ | ၁၁ | ဏ | ၉၀ |
| ဃ | ၁၇ | သ | ၉၃ |
| ကစ | ၈၉ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ-ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်းနှစ်ထောင်ဆု (၁)ဆု

ကဃ - ၁၄၉၂၉၂

### ဆုတစ်ဆုချင်း ကျပ်သိန်း (၅၀) ဆု

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်းငါးဆယ်ဆု (၁)ဆု

ကခ - ၇၆၂၉၈၁

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဂ | ၂၉၇၆၅၅ | င | ၅၇၅၄၁၂ |
| မ | ၅၆၇၆၄၄ | ဓ | ၇၄၆၇၈၆ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

သ - ၂၃၁၈၇
ဟ - ၉၇၇၃၅

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဎ - ၃၈၇၉
ဝ - ၄၂၆၇

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဍ - ၄၃၂
စ - ၃၆၅

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၃ ခုနှစ် ၊ မေလ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၂၆) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၃၃၂၅) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကင) အက္ခရာထိ ၊အက္ခရာ(၃၈)လုံး ခွဲဝေရောင်းချမည်ဖြစ်သော်လည်း ကနဦး အက္ခရာ (က) မှ (န) အက္ခရာထိ အက္ခရာ (၂၀)လုံး ဖြန့်ဝေ ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၂၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၃. ၅. ၂၀၂၃) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၇. ၅. ၂၀၂၃) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကိုကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ဦးသိန်းလွင်
### စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်၊ တိုက် ၅၆/ ၅၈(ဘီ)၊ အခန်း ၂၀၂နေ (ဦး သန်းမောင်- ဒေါ်မယ်မှီ) တို့၏သား၊ (ဆန်းဦးမောင်ကြီး-ဒေါ်သောင်း)တို့၏ သားသမက်၊ (ဒေါ်ခင်သန်းရီ)၊ဒေါ်ခင်စန်းမြင့်၊(ဒေါ်ခင်သန်းထိုက်)၊ ဒေါ်ညွန့် ညွန့် သန်း တို့၏ အစ်ကိုကြီး၊ (ဒေါ်ခင်ကြည်)(မြန်မာ့ရေနံနှင့် ဓာတုလုပ်ငန်း(MPPE )၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ညီလွင်-ဒေါက်တာ စောဝတ်ရည်၊ မသန္တာလွင်၊ မောင်ကောင်းမြတ်မြင့်-မဥမ္မာလွင်၊ မောင်ထူးလွင်-မမေသူအောင် တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး သည် ၃၀-၄-၂၀၂၂ရက်(သောကြာနေ့) ည ၈:၃၈နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၂ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pastro Benjamin Tluang Cung Thang
## အသက်(၃၁)နှစ်

ဦးချစ်ဆွေ(ဩစတြေးလျ)-ဒေါ်နှဲမ်ဇိမ်းတို့၏သား၊ ယုံကြည်သူများအသင်းတော်(မြန်မာပြည်)၏ ဂိုဏ်းချုပ် ဘုန်းတော်ကြီး Bishop Dr.CK No Chhum-ဒေါ်ရှိစ်ဆွေနှဲမ်ပါရ်တို့၏သားသမက်၊ ဦးထောင်ထာထန်(General Secretary, BCM; President, Chinland FC)၊ ဦးကာဒွန်းထန်(Manager, Chinland FC)တို့၏ညီ၊ Isaac Vanrohlua, Moses Thawng Tha Lian, Mr.Laldinsanga, Ms.Vanlalruati တို့၏အစ်ကို၊ ဆရာမဂျူးလီထန် (Education Director, BCM)၏ ချစ်လှစွာသောခင်ပွန်း၊ အိုင်းရစ်အီယန်ချင်ပါရ်၏ ဖခင်၊ Chinland FC ဘောလုံးအသင်းတွင် Senior Team Secretary အဖြစ်လည်းကောင်း၊ Believers Church Theological Seminary ဓမ္မကျောင်းတော်ကြီးတွင် ကျောင်းသားရေးရာဌာနမှူးဖြစ်သူ Pastro Benjamin Tluang Cung Thang အသက်(၃၁)နှစ် သည် ၁-၅-၂၀၂၂ရက်(စနေနေ့) နံနက် ၁၁နာရီတွင် OSC ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယုံကြည်သူများအသင်းတော်(မြန်မာပြည်)၊ ဌာနချုပ်ရုံးရှိရာ ရန်ကုန်မြို့၊မြောက်ဒဂုံမြို့နယ်၊ (၄၈)ရပ်ကွက်၊ ပြည်ချမ်းသာလမ်း၊ အမှတ်(၁၆၃-၁၆၆)တွင် ၃-၅-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဝတ်ပြုဆုတောင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ဆောင် ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၆၄/မမ/CME | ရန်ကုန်-မန္တလေးအခြေစိုက်လူစီးတွဲများပိုးမွှားကာကွယ်နှိမ်နင်းခြင်းလုပ်ငန်း |
| ၂ | ၁၆၅/မမ/CME(NPT) | Honing Machine (1) Set ဝယ်ယူရန် |
| ၃ | ၁၆၆/ မမ/CME(YUG) | Ball Bearing (၃၈)မျိုး ဝယ်ယူရန် |
| ၄ | 12(T)27(YUG) | စက်ခေါင်းအရန်ပစ္စည်း(၇၆)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၂.၆.၂၀၂၂) (၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃.၅.၂၀၂၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

## မတည်ငွေရင်းလျှော့ချပြီးကြောင်းကြေညာခြင်း

ကျွန်တော်များ MAI CHAN Co.,Ltd မှ ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက် ၁/၂၀၂၂ အရ ကုမ္ပဏီ၏ မတည်ငွေရင်းအား မူလတန်ဖိုး ငွေကျပ် သိန်းငါးရာ (၅၀၀၀၀၀၀၀)မှ ငွေကျပ် သိန်းနှစ်ရာ (၂၀၀၀၀၀၀၀)သို့ လျှော့ချလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
MAI CHAN Co.,Ltd ၊ ဖုန်း-၀၉-၇၇၃၆၀၇၂၇၈

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ (၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၀)၊ ဦးပိုင်အမှတ်(၂)၊ မြေဧရိယာ(၀ဒသမ၀၇၂) ဧကရှိ မြေကွက်အား မူလက ဦးဒါရှီနော်အမည်ဖြင့် (၂-၁-၂၀၁၇)ထိ (၁၅)နှစ်ဂရန် ရရှိခဲ့ပါသည်။ ဦးဒါရှီနော် (ဖခင်)နှင့် ဒေါ်ပချန်ဘောက်(မိခင်)တို့အသီးသီးကွယ်လွန်ခဲ့ကြပြီး တစ်ဦးတည်းသောသားဖြစ်သူ ဦးဒါရှီဂမ်မှ တရားဝင်အမွေဆက်ခံစာချုပ်ဖြင့် အမွေဆက်ခံခဲ့ပြီး ဦးဂမ်ယုသို့ တရားဝင်စာချုပ်ဖြင့် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးဂမ်ယု ၁/ဝမန(နိုင်)၀၅၀၀၇၇မှ မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ဒေါ်ဝင်းလှမေ (စစ်တွေမြို့)
### အသက်(၉၁)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ် ၆၃နေ ဦးကျော်ထွန်းအောင်-ဒေါ်ကွန်မဖြူတို့၏သမီး၊ (ဦးစောမောင်-ဒေါ်ဦးမြသိန်း)၊(ဦးအောင်ဘတင်)-ဒေါ်သိန်းစောဖြူ၊ (ဦးစံထွန်းအောင်)-ဒေါ်သိန်းစောမြ၊ (ဦးမောင်ခင်လှ)-ဒေါ်မကျော့သိန်း၊ (ဦးမောင်စံလှ)-ဒေါ်အေးကျော့ယဉ်၊ ဦးစံထွန်းကျော်-ဒေါ်ထွေးထွေးမြင့်၊ (ဦးအောင်မြဝင်း)-သီလရှင် သုနန္ဒီ(ခ)မချမ်းရီ၊ ဦးမောင်ထွေး ဝင်း၊ ဦးမောင်သန်းနိုင်-ဒေါ်သန်းသန်းဝင်း တို့၏မိခင်၊ မြေး ၂၈ယောက်တို့၏ အဘောင်ရှင်၊ မြစ် ၃၅ယောက်တို့၏အဖီးရှင်၊ တီလေးယောက် တို့၏အဇူရှင် သည် ၃၀-၄-၂၀၂၂ရက် (သောကြာနေ့)ညနေ ၄:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၂ရက် (တနင်္လာနေ့)ညနေ ၃ နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေ မျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီး သန်းထူး(ငြိမ်း)
### OTS(၆၁)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်သန်း - ဒေါ်ခင်မြင့်မြင့်)တို့၏သား၊ (ဗိုလ်ချုပ်အောင်ခင်)(ငြိမ်း)-ဒေါ်ခင်နုတို့၏သားသမက်၊ ဦးသန်းဦး၏ညီ၊ ဒေါ်အေးအေးသန်း-ဦးထွေးမြင့်၊ ဒေါ်နွယ်နီသန်း-(ဦးဇော်လင်း)တို့၏အစ်ကို၊ တူ၊ တူမငါးယောက်တို့၏ဦးလေး၊ ဒေါ်လှဲ့ လှဲ့အောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ခင်ချောစု-ကိုဖြိုးသူ၊ မလှဲ့မွန်သန်း-ကိုအောင်ကိုဖြိုး၊ မသက်မွန်ခိုင် တို့၏ချစ်လှစွာသော ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၂-၅-၂၀၂၂ရက် နံနက် ၁၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီး သန်းထူး(ငြိမ်း)
### OTS(၆၁)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်သန်း - ဒေါ်ခင်မြင့်မြင့်)တို့၏သား၊ (ဗိုလ်ချုပ်အောင်ခင်)(ငြိမ်း)-ဒေါ်ခင်နုတို့၏သားသမက်၊ ဒေါ်သင်းသင်းနု-ဦးမြင့်အောင်၊ ဦးမျိုးမြင့်အောင်-ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်သန်းဌေး-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်သီတာဌေး၊ ဦးနေမျိုး-နော်ဇင်ဘယ်သိန်းတို့၏ညီ/အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေး၊ ဒေါ်လှဲ့လှဲ့အောင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်ချောစု-ကိုဖြိုးသူ၊ မလှဲ့မွန်သန်း-ကိုအောင်ကိုဖြိုး၊ မသက်မွန်ခိုင်တို့၏ချစ်လှစွာသော ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၂-၅-၂၀၂၂ရက် နံနက် ၁၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောဝင်းနိုင်
### အသက်(၅၇)နှစ်

သန်လျင်မြို့နေ ဦးခင်မောင်ဝင်း - (နော်အယ်ဒီးနာဝင်း)-ဒေါ်အယ်လ်နန်တောင်တို့၏သား၊ အရာတော်မြို့နေ ဒေါ်ခင်ဆွေမော်၏ခင်ပွန်း၊ မောင်ရှင်ဂို(Jokomo Co.,Ltd)၏ဖခင်၊ နော်သီတာဝင်း၊ စောဝင်းခိုင်တို့၏မောင်/ညီ၊ စောဝင်းပိုင်၊ နော်ကြည်မာဝင်း၊ စောဝင်းမြိုင်တို့၏အစ်ကိုသည် ၁-၅-၂၀၂၂ရက်နေ့ ညနေပိုင်းတွင် အရာတော်မြို့နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နန့်ဥမ္မာ ၁၄/ကပန(နိုင်)၁၀၉၉၆၈
### အမှတ်(၂၉)၊ ဒေးဗစ်ရွှေနုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ်(၂၆)နေ ဦးစည်သူအောင် ၁၂/ အစန(နိုင်) ၁၈၄၀၂၅၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းအားသိစေအပ်သည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိုးမြင့် (ISN-461633)အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၃၆)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို (၃၁-၁-၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့စဉ်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်ုပ်မိတ်ဆွေ၏ အမည်ဖြင့် ဂရန်အမည်ပေါက်ရရှိရေးနှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် စီမံဆောင်ရွက်ရာတွင် မြေကွက်အမည်ပေါက် သူမှဝယ်ယူသူသို့ ဖြစ်စေ(သို့) ဝယ်ယူသူက ညွှန်ပြသူသို့ ဖြစ်စေ ကိုယ်စားလှယ်လွှဲစာလွှဲအပ်ပေးရေးနှင့်လိုအပ်ပါက လူကိုယ်တိုင်လိုက်ပါဆောင်ရွက်ပေးရေးကို လူကြီးမင်းမှတာဝန်ယူဆောင်ရွက်ပေးပါမည်ဟု နှုတ်ဖြင့်လည်းကောင်း၊ စာချုပ်စာတမ်းဖြင့်လည်းကောင်းဝန်ခံကတိပြုခဲ့ ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ပြောပြချက်အရ သိရှိရပါသည်။ ယခုအခါအထက်ဖော်ပြပါ မြေကွက်ကို ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်း အဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ပြီး အမည်ပေါက်ရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ဆက်သွယ်၍ လူကြီးမင်းပေးထားသည့် ကတိအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လူကြီးမင်းမှဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်ပေးရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးရန်ပိုင်စိုး**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၁)
အမှတ်(၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးဟန်
### (ဗိုလ်စိန်မှန်ရပ်ကွက်)
### အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ တိုက် ၄၁၊ မြေညီ၊ ခေါင်းရင်းခန်းနေ(ဦးဘအို-ဒေါ်စိန်ဟန်)တို့၏သမီး၊ (ဦးဘိုးရွက်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ (ဦးလှရွှေ)၏ချစ်လှစွာသောဇနီး၊ (ဦးဖိုးညို)-ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်လှ(ခ)မကျော့၊ ဒေါ်တင်တင်မြ(ခ)မပြုတ်၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းနု၊ ဦးဝင်းသောင်-(ဒေါ်ခင်ခင်မော်)၊(ဦးဝင်းဗိုလ်-ဒေါ်တင်တင်အောင်)၊ ဦးနေဝင်း-မအေးအေးစမ်း(ခ)မမိုး၊ ဦးမြင့်ဝင်း(ညွှန်ကြားရေးမှူး၊ မြို့ပြ၊တံတားဦးစီးဌာန)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏ အဘွား၊ မြစ် ၈စ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၅-၂၀၂၂ရက် မွန်းလွဲ ၁:၀၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဇော်ဝင်းထွဋ်(Ex.R/O)
### Senior Planning Officer
### MTM Maritime Centre
### အသက်(၆၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ယမနေ ၃လမ်း၊ အမှတ် ၁၁၃နေ (ဦးမောင်မောင်-ဒေါ်ခင်ခင်)တို့၏သား၊ (ဦးသောင်းခင်)-ဒေါ်ကြည်ကြည် တို့၏ သားသမက်၊ ဒေါ်စိန်စိန်(မြန်မာ့သစ်လုပ်ငန်း)(ငြိမ်း)၏ခင်ပွန်း၊ ဦးလွန်းသီ-ဒေါ်ပုလဲ၊ ဦးချစ်ကိုလွင်-ဒေါ်မိုးမိုးသူ၊ ဦးခွန်အောင်လှိုင်ထွန်း-ဒေါ်သူဇာ၊ ဦးအေးသိန်း-ဒေါ်ခင်အေးမြင့်၊ ဦးလူမော်-ဒေါ်မြင့်မြင့်ကြည်၊ (ဦးသူဇော်)၊ ဦးသက်ဦး-ဒေါ်ခင်ဝိုင်း၊ ဒေါ်ခင်ဖြိုး၊ ဦးအောင်အောင်-ဒေါ်ဥမ္မာစိုး၊ မခိုင်သဇင်တို့၏ညီ/မောင်၊ အစ်ကို၊ တူ၊တူမ ၁၁ယောက် တို့၏ဘကြီး/ဦးလေး ၊ မြေး ခုနစ်ယောက်တို့၏ အဘိုးလေး သည် ၃၀-၄-၂၀၂၂ရက် (သောကြာနေ့) ည ၁၁:၅၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၂ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေ မျိုး မိတ်သင်္ဂဟ များအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## Nu Cing Man Pau(ခ)ဒေါ်စန်းစန်းဌေး
### အသက်(၅၁)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လောဖေရွာသား (ဒု-ဗိုလ်မှူးကြီး Son Za Thang (ငြိမ်း)နှင့် သူနာပြုဆရာမ Hau Cing)တို့၏ သမီးကြီး၊ Pa Kam Za Pau (USA)-Nu Vung Khan Cingh (USA) ၏ ညီမ၊ Pa Thang Khat Pau (Singapore)-Nu Sarah Man Pi (Singapore)၊ Pa Thawng Pau-Nu Nan Mi Mi Zaw၊ Pa Mang Khan Pau (USA)-Nu Mang Suan Neam (USA) တို့၏ အစ်မ၊ ချင်းပြည်နယ်၊ ထုတ်လိုင်နေ (ဆရာကြီး U C Mang Thawng - Daw Ciin Khaw Mang) တို့၏ သမီးချွေးမ၊ Pa Lian Cin Mang (ညွှန်ကြားရေးမှူး၊ ကညန-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ (Mg Thawng Ngam Khai)၊ Mg Thang Lian Mung၊ Mg Mang Khan Zo (Victor Zo) တို့၏ ချစ်လှစွာသော မိခင် Nu Cing Man Pau(ခ)ဒေါ်စန်းစန်းဌေးသည် အိမ်အမှတ် 3B 1603၊ ရတနာနှင်းဆီအိမ်ရာ၊ ရတနာလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် နေအိမ်တွင် ၁-၅-၂၀၂၂ ရက် နံနက် ၉:၃၀ နာရီတွင် နှလုံးရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပြီ ဖြစ်ပါသဖြင့် ၂-၅-၂၀၂၂ ရက် မွန်းလွဲ ၁:၀၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဇိမာန်တော်၌ ဝတ်ပြုကိုးကွယ်ပြီး၊ ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အောင်ဇေယျလမ်း၊ အမှတ်(၁၂၄)နေ ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးမောင်မောင်လတ် (ဘ)ဦးဘမောင် ၁၃/မတန(နိုင်)၀၀၇၁၉၆ နေသူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဦးမောင်မောင်လတ်သည် ဒေါ်တင်မြမြ(ဘ)ဦးကိုကြီးနှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီး (၂)ဦးထွန်းကားခဲ့ပါသည်။ ဒေါ်တင်မြမြနှင့် ထိမ်းမြားလက်ထပ်ပြီးသည့်အချိန်မှစ၍ ယနေ့အချိန်ထိ မိသားစုနှင့် ဇနီး၊ သားသမီးများအပေါ် ကျွန်ုပ်၏ အမှုသည်မှာ အကြိမ်ကြိမ် စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုမူဆောင်ရွက်ခဲ့သည့်အတွက် ကျွန်ုပ်အမှုသည်၏ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးခံစားခွင့်များဖြစ်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်အားလုံးကို ယနေ့မှစ၍ အပြီးအပိုင် စွန့်လွှတ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းသွေးဆောင်ခြင်းမရှိဘဲ လွတ်လပ်သည့်သဘောဆန္ဒဖြင့် အများသိစေရန် အသိပေးကြေညာခြင်းဖြစ်ကြောင်း လွှဲအပ်ချက်အရ အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်ရွှေထူး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၈၉/၁၆)**
**အမှတ်(၉၈)၊ (၈)လမ်း၊ (၇)ကွက်၊**
**ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇-ပဒေသာ)၊ ဦးပိုင်အမှတ်(၈၃)၊ မြေယာအမှတ်(83)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် (၄၄၇/၉၃-၉၄)အရ ဒေါ်နီလာကို အမည်ပေါက်ခဲ့သောမြေကွက်ကို ဒေါ်နန်းနုမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၃၉/၂၀၁၅)အရအပြီးအပိုင်ဝယ်ယူခဲ့ပြီးပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း၊ သက်တမ်းတိုး၊ ဂရန်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇-ပဒေသာ)၊ ဦးပိုင်အမှတ်(၈၂)၊ မြေယာအမှတ်(82)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် (၄၄၆/၉၃-၉၄)အရ ဒေါ်နီလာကို အမည်ပေါက်ခဲ့သောမြေကွက်ကို ဒေါ်နန်းနုမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၃၉/၂၀၁၅)အရ အပြီးအပိုင်ဝယ်ယူခဲ့ပြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း၊ သက်တမ်းတိုး၊ ဂရန်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်**

# နိုင်ငံဘဏ္ဍာငွေကျပ်သိန်းပေါင်း ၃၆၀၀ ကျော် နှစ်စဉ်အခွန်ထမ်းနေသော ဗဟိုစံပြငါးဈေးကြီး ပုံမှန်လည်ပတ်လျက်ရှိ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံတစ်ဝန်း သားငါးကဏ္ဍလိုအပ်မှုကို အထောက်အကူပေးနေသော ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးသည် ပုံမှန်လည်ပတ်လျက်ရှိပြီး နိုင်ငံတော်ဘဏ္ဍာငွေအား နှစ်စဉ် ကျပ်သိန်းပေါင်း ၃၆၀၀ ကျော် အခွန်ထမ်း ပေးဆောင်လျက်ရှိကြောင်း အဆိုပါဈေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ဒီဈေးကြီးကတော့ အခြားဈေးတွေနဲ့ မတူတာက ဘာအကြောင်းပဲရှိရှိ နေ့စဉ် လည်ပတ်ရောင်းဝယ် ဖောက်ကားနေတာပါ။ အခြေခံစားသုံးမှု ကုန်စည်ဖြစ်တဲ့ သားငါးဈေးဆိုတော့ ပိတ်လို့လည်း မရပါဘူး။ လတ်တလောမှာလည်း ဈေးကြီးအနေနဲ့ အခက်အခဲမရှိဘဲ နေ့စဉ် ပုံမှန်လည်ပတ်နေပါတယ်။ ဒီ ဗဟိုစံပြငါးဈေးကြီးဟာ နှစ်စဉ်လည်း နိုင်ငံတော်ကို အခွန်ဘဏ္ဍာငွေအဖြစ် ငွေကျပ်သိန်းပေါင်း ၃၆၀၀ ကျော် ထမ်းဆောင်ပေးလျက်ရှိပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှာ အခွန်ငွေ ထက်ဝက်လောက် လျော့နည်းတာတော့ ရှိတာပေါ့" ဟု ဗဟိုစံပြငါးဈေးကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗဟိုစံပြငါးဈေးကြီးသည် အခြေခံစားကုန်ဖြစ်သည့် ရေထွက်ပစ္စည်းလုပ်ငန်း ရောင်းဝယ်ဖောက်ကားသည့် ဈေးကြီးဖြစ်ပြီး အထူးသဖြင့် ငါး/ ပုစွန် ကဏ္ဍတွင် နိုင်ငံတစ်ဝန်း တင်ပို့ရောင်းချနေသော ဗဟိုပင်မဈေးကြီးလည်း ဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်း ရေလုပ်ငန်း အများဆုံးလုပ်ကိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ထွက်ရှိသော ငါး/ ပုစွန်အပါအဝင် ရေထွက်ပစ္စည်းများ ရောင်းဝယ်မှုပြုရာတွင် အဆိုပါဈေးကြီးကို အမှီသဟဲ ပြုနေဆဲဖြစ်သည်။

*စာမျက်နှာ ၂၈ ကော်လံ ၁* ❐




ဗဟိုစံပြငါးဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

## နယူးကာဆယ်ကို အနိုင်ယူပြီး အဆင့် (၉) နေရာကို တက်လှမ်းနိုင်ခဲ့တဲ့ အာဆင်နယ်




အာဆင်နယ်အသင်းမှ အယ်နီနီ နယူးကာဆယ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၃၄) အဖြစ် နယူးကာဆယ် အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်ကို မေ ၂ ရက် ညပိုင်းက နယူးကာဆယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့် (၉) နေရာကို တက်လှမ်းနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းက ယခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် တန်းဆင်းဇုန်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ယာယီပိတ်ထားခြင်းမှ ပြန်လည်ဖွင့်လှစ် စာ ၉

.........................

စိန်ရတုသို့ ရောက်ခဲ့ပြီဖြစ်သော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့
(၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အကြိုဂုဏ်ပြုဆောင်းပါး စာ ၂၀

## အာဂျင်တီးနား တိုက်စစ်မှူး အဂူရိုကို ခေါ်ယူရေးတွင် ပါဝင်လာခဲ့သည့် အဲဗာတန်

**အဲဗာတန်အသင်းသည် နွေရာသီတွင် မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာတော့မည်ဖြစ်သော အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယို အဂူရိုကို ခေါ်ယူရေးတွင် ချယ်ဆီး၊ လိဒ်စ်၊ စပါး၊ ဘာစီလိုနာ၊ အင်တာမီလန်အသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။**

အဲဗာတန်နည်းပြ အန်ဆယ်လော့တီသည် ဂွတ်ဒီဆင်ပတ်ခ်သို့ တိုက်စစ်မှူး ဆာဂျီယို အဂူရိုကို ခေါ်ယူပြီး အသင်း၏တိုက်စစ်အင်အားကို မြှင့်တင်ရန် စိတ်အားထက်သန်နေလိုခြင်း ဖြစ်သည်။ သို့သော်လည်း အဲဗာတန်အသင်းအနေဖြင့် မန်စီးတီးအသင်းတွင် အဂူရိုရရှိနေသော တစ်ပတ်လုပ်ခလစာအတိုင်း ပေးချေနိုင်ဖွယ်မရှိကြောင်း သိရသည်။ အဂူရိုသည် လာလီဂါအသင်းကြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ကျယ်ကျယ်ပြန့်ပြန့် သတင်းထွက်ပေါ်ထားသူလည်း ဖြစ်သည်။ ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် အဂူရိုကိုအသင်းသို့ ခေါ်ယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

အသက် (၃၂နှစ်) အရွယ်ရှိ အဂူရိုသည် ပြီးခဲ့သည့်နှစ်ရာသီတွင် ဒဏ်ရာပြဿနာကြောင့် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် မန်စီးတီးအသင်းအတွက် လိဂ် ၂၇၂ ပွဲ တွင် ၁၈၁ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ထို့အပြင် အဂူရိုသည် ယခုနှစ်ရာသီတွင် မန်စီးတီးအသင်းအတွက် လိဂ် ၁၀ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားပြီး နှစ်ဂိုးသာ သွင်းယူထားနိုင်သေးသည်။

အဲဗာတန်အသင်းသည် လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ၃၃ ပွဲကစားပြီး ၅၂ မှတ်ဖြင့် လာမည့်နှစ် ယူရိုပါလိဂ်ဝင်ခွင့်ရရှိရန် ရုန်းကန်နေရသည့် အသင်းဖြစ်သည်။ အဲဗာတန်အသင်းသည် လာမည့် မေ ၉ ရက်တွင် ပရီမီယာလိဂ် ပွဲစဉ် ၃၅ အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

